ဟသ်ာတမြို့

မိုးကောင်းပရိယတ္တိစာသင်တိုက်

ဦးစီးပဓာနနာယက

အရှင်သုဓမ္မာစာရာဘိဝံသ

၏

# ဂါမသီမာဒိဝိနိစ္ဆယ

သာသနာ - ၂၅၅၃၊ ကောဇာ - ၁၃၇၁၊ ခရစ်နှစ် - ၂၀၀၉

၃၁၁
မ

ဟသ်ာတမြို့

မိုးကောင်းပရိယတ္တိစာသင်တိုက်

ဦးစီးပဓာနနာယက

အရှင်သုဓမ္မာစာရာဘိဝံသ

၏

# ဂါမသီမာဒိဝိနိစ္ဆယ

သာသနာ-၂၅၅၃၊ ကောဇာ-၁၃၇၁၊ ခရစ်နှစ်-၂၀၀၉

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာအမှတ် | - | ၁၁၉/၀၁/(ပုံနှိပ်) သသန - ၀၉ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | - | ၁၀၀၀၀ |
| တန်ဖိုး | - | ဓမ္မဒါန |

ဤစာအုပ်ကို ပုဇွန်တောင်မြို့နယ်၊ လမ်း-၅၀၊ အမှတ်-၈၄၊ ဦးဝင်းအောင် (၀၅၁၃၁)၏ သန်းထိုက်ရတနာပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းနိုင် (မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂၄၀၅) က တာဝန်ခံ ထုတ်ဝေပါသည်။

# စီစဉ်ပူဇော်သူ၏အမှာစကား

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ မိုးကောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသမဟာထေရ်အရှင်သူမြတ်သည်ကား စာပေကြည့်ရှုလေ့လာခြင်းနှင့် စာရေးစာချအလုပ်၌ အလွန်ဝါသနာစူးရှတော်မူသည့်အားလျော်စွာ ကိုယ်ပိုင်စာကြည့်တိုက်၌ပင် သီတင်းသုံးတော်မူပြီး ပါဠိ၊ အဋ္ဌကထာ၊ဋီကာ၊ဂန္ထန္တရစာပေတို့ကို အမြဲလိုလိုပင် ကြည့်ရှုလေ့လာတော်မူလျက် ဘဝနှင့် စာပေ၊ စာပေနှင့်ဘဝ သဟဇာတဖြစ်စေသော ဆရာတော်ဖြစ်လေသည်။

စာရေးစာချအလုပ်၌ အလွန်ပင် မွေ့လျော်တော်မူသည့် အားလျော်စွာ မိမိ၏ အသက်အရွယ်ကြီးရင့်မှုကို ပမာဏမပြုဘဲ တစ်နေ့လျှင် စာဝါ လေးဝါမျှ ပို့ချတော်မူနေသေး၏။ ဤအမှာစာ ရေးသူတို့ငယ်စဉ်က ကျောင်းတိုက်ကြီး၌ စာသင်သံဃာ (၃၀၀)ကျော်လောက်ရှိပြီး မူ,ငယ်,လတ်,ကြီး စာဝါအားလုံးကို ဆရာတော်တစ်ပါးတည်းလိုလိုပင် ပို့ချပေးတော်မူသည်ဖြစ်ရာ သာသနာတော်အတွက် အလွန်ပင် လုံ့လအားသည်းတော်မူသော ဆရာတော်ဖြစ်လေသည်။

ဆရာတော်၏ သဒ္ဓါ၊ ဝီရိယနှင့် ပရိယတ္တိဂုဏ်သိရ်တို့ကြောင့် ကျောင်းတိုက်ကြီးမှာ တစ်နေ့တခြား တိုးတက်ထွန်းလာခဲ့ရာ ယခုအခါ စာသင်သံဃာ (၅၀၀) ကျော်လာပြီး မူ, ငယ်, လတ်, ကြီး ဓမ္မာစရိယတန်းစုံဖြစ်လာသောအခါ မူ, ငယ်, လတ်, ကြီး, စာဝါတို့ကို ကျောင်းတိုက် စာချနာယက တပည့်ကြီးများအား လွှဲအပ်ပြီး ဓမ္မာစရိယတန်းစာဝါကိုသာ နည်းရလောက်အောင် အားကြိုးမာန်တက် ပိုင်ပိုင်နိုင်နိုင် နှစ်ပေါင်းများစွာ ပို့ချပေးတော်မူခဲ့ပါသည်။ ယင်းသို့

မိမိထံမှောက်ရောက်ရှိခိုလှုံလာသော အန္တေဝါသိက တပည့်များအား နေ့ဝါ၊ ညဝါများ ပို့ချနေရရုံမျှ အားမရနိုင်သေးဘဲ နိုင်ငံတော်အစိုးရမှ ကျင်းပသော တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး၏ ဩဝါဒါစရိယတာဝန်ကိုပါ ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

ဆရာတော်သည် စာပေပို့ချရာတွင် "စာချလမ်းထွင်၊ စာသင်နောက်လိုက်" ဟူသော ဆိုရိုးစကားကို လက်ကိုင်ပြုကာ၊ စာသင်စာဝါများကို ရှင်းသည်ထက်ရှင်းအောင် တပည့်များ နည်းရလောက်အောင် လွယ်ကူသောနည်း ခေတ်မီသောနည်းစနစ်တို့ဖြင့် ပို့ချတော်မူသည့်အပြင် ပို့ချပြီး စာပေတို့ကိုလည်း "တစ်ကြိမ်ပို့ချ၊ ရေးပြတစ်ရာ" ဟူသောစကားနှင့်အညီ နောင်လာနောက်သား တပည့်များအားလုံးအတွက် မှတ်တမ်းတင်လေ့ရှိတော်မူပါသည်။

ဆရာတော်သည် ပရိယတ္တိမာမကပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ သာသနာတော်၏ ရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိသာသနာ ထွန်းကားရေးအတွက် စာပေပို့ချခြင်း၊ ရေးသားခြင်းများကို အချိန်နှင့်အမျှ ဆောင်ရွက်တော်မူနေစဉ် အခြေအနေနှင့် အချိန်အခါအရ နိုင်ငံတော်သံဃမဟာနာယကတာဝန်ကို ဆောင်ရွက်ရန် ဖြစ်ပေါ်လာခဲ့ရာ "ကျရောက်လာသောတာဝန်ကိုမချွတ်ကေန်ဆောင်ရွက်ရမည်" ဟူသောခံယူချက်ဖြင့် ယခုအခါ နိုင်ငံတော်သံဃမဟာနာယကတာဝန်ကိုပါ ထမ်းဆောင်နေရသဖြင့် ယခင်ကနှစ်ပေါင်းများစွာ ပို့ချလာခဲ့သော စာဝါများကို စာချနာယက တပည့်ကြီးများအား ယုံကြည်စွာ လွှဲအပ်တော်မူ၍ ပါဠိ-မြန်မာဂုဏ်ထူးတန်းစာဝါများကိုသာ ပို့ချနေဆဲဖြစ်သည်ကို တွေ့ရှိရပါသည်။

ဆရာတော်သည် စာပေကြည့်ရှုလေ့လာမှုများစွာပြုရင်း တပည့်ကြီးငယ်တို့အားလည်း စာပေကျမ်းဂန် သင်အံလေ့ကျက်စေခြင်း၊

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဆိုင်ရာ ခက်ခဲနက်နဲသော သဒ္ဒနယ၊ အတ္ထနယ၊ အဓိပ္ပာယတ္ထ၊ ကျမ်းရိုးအသွားအလာ ဝိနိစ္ဆယပါထည့်သွင်း၍ အာစရိယဝါဒဟတ္ထမုဋ္ဌိလဒ္ဓေါပဒေသရလောက်အောင် နယဂ္ဂါဟယူစေခြင်းစသော ပိဋကတ်အခြေခံပညာဉာဏ်ထူးချွန်အောင် သင်ကြားပြသပေးတော်မူသဖြင့် အချိန်နှင့်အမျှ ကျောင်းတိုက်ကြီး၏ သာသနာတော်ရောင် ပြောင်ပြောင်ဝင်းဝင်း ပွင့်လင်းစေတော်မူခဲ့လေသည်။

ယင်းသို့ကျောင်းတိုက်နှင့် တပည့်သံဃာ၊ ဒကာ၊ ဒကာမတို့အား သင်ကြားပြသဟောကြားဆုံးမသကဲ့သို့ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းတော်ကြီး၌ အလှည့်ကျ သီတင်းသုံး၍ မဟာနာယကတာဝန်များကို ဆောင်ရွက်တော်မူရလေ့ ရှိရာ ၁၃၇၀-ခု ဆောင်းရာသီကာလ ကမ္ဘာအေးမဟာနာယက ကျောင်းတော်ကြီး၌ ဆရာတော် မဟာနာယကတာဝန် ထမ်းဆောင်တော်မူစဉ် အခါက ရန်ကုန်ရှိ ဆရာတော်၏ တပည့်ကြီးများ ရဲဖန်ရံခါ ဆရာတော်ထံသွားရောက်၍ မိမိတို့ဆုံးဖြတ်နိုင်စွမ်းမရှိသော ဝိနိစ္ဆယဆိုင်ရာစသည်မေးလျှောက်ထားသည်များကို ဆရာတော်က စိတ်ရှည်ရှည်ဖြင့် ရှင်းလင်းဖြေကြားဆုံးဖြတ်ပေးပါသည်။ အထူးသဖြင့် နာနာစရိယ, နာနာဝါဒများပြားလှသည့် သိမ်နှင့် ပတ်သက်သော အဆုံးအဖြတ်များကို ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အာစရိယပရမ္ပရဝါဒတို့ကို အကိုးအကားပြုလျက် ရဲရဲရင့်ရင့် ဆုံးဖြတ်ပေးတော်မူပါသည်။

ထိုကဲ့သို့ ရှင်းလင်း ဖြေကြားပေးသည့် အဆုံးအဖြတ်များကိုလည်း ဆရာတော်၏ ကောင်းမြတ်သည့်မူစနစ်အတိုင်းပင် မှတ်တမ်းတင်ထားတော်မူပါသည်။ မှတ်တမ်းတင်ထားစဉ်အခါက ဆရာတော်၏ ဆန္ဒတော်မှာ ပုံနှိပ်ထုတ်ဝေရန်ဆိုသော ရည်ရွယ်ချက်တော့ရှိဟန်မတူပေ။ နောင်လာနောက်သားများ ဗဟုသုတတိုးပွားအကျိုးများအောင် မှတ်တမ်းတင်ထားခြင်းသာ ဖြစ်ဟန်တူပါသည်။

သို့သော်လည်း ယခုနှစ် ၁၃၇၁-ခု ဝါတွင်းကာလ၊ ရန်ကုန် ကမ္ဘာအေး၌ ဆရာတော်သည် မဟာနာယကတာဝန်ထမ်းဆောင် တော်မူစဉ် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ် ဥက္ကဋ္ဌ, တိပိဋကဓမ္မရက္ခိတအဖွဲ့ ဥက္ကဋ္ဌနှင့် ရန်ကုန်ရောက် ဟင်္သာတအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်သော ဒါယကာကြီး ဦးစိန်တင့် (အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ) က ဆရာတော်အား မိုးကုတ် ဓမ္မရိပ်သာအဖွဲ့ချုပ်၌ သိမ်သမုတ်ပေးတော်မူပါရန်, ဥပရိပါသာဒ သိမ်နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာစာအုပ် ရေးသားချီးမြှင့်ပေးပါ ရန်နှင့် ထိုစာအုပ်ကိုလည်း ဓမ္မဒါနပြုပုံနှိပ် ထုတ်ဝေမည်ဖြစ်ကြောင်း လျှောက်ထားလာသဖြင့် ဆရာတော်သည် မိမိကိုယ်တိုင်မှတ်တမ်း တင်ထားသော ဤစာမူကို ပုံနှိပ်ခွင့်ပြုတော်မူခြင်းကြောင့် စာရှုသူတို့ ၏ လက်ဝယ်သို့ "ဂါမသီမာဒိ ဝိနိစ္ဆယ" အမည်ရှိ သိမ်မျိုးစုံဆိုင်ရာ ဤစာအုပ်ရောက်ရှိလာရခြင်းပင် ဖြစ်လေသည်။

"သဒ္ဒါမှာ လိင်, ဝိနည်းမှာ သိမ်" ဟူသော ဆိုရိုးစကားအား လျော်ညီစွာ သဒ္ဒါအရာ၌လိင်သည် အရေးပါသလို ဝိနည်းအရာ၌ လည်း သိမ်သည် သာသနာတော်၏ အသက်သွေးကြောသဖွယ်ဖြစ် ၍ အလွန်ပင်အရေးပါလှပေသည်။ သိမ်နှင့် ပတ်သက်၍ ရှေးယခင်မှ စ၍ ယနေ့တိုင်အောင် ဆရာအမျိုးမျိုး၊ အယူအဆအမျိုးမျိုးတို့ဖြင့် ဝါဒကွဲပြားလျက်ရှိရာ ရှေးယခင်အခါက စာတတ်အကျော်အမော် ဆရာတော်ကြီးများ စီရင်ရေးသားခဲ့သည့် သိမ်နှင့် ပတ်သက်သော စာအုပ်အမျိုးမျိုးရှိခဲ့သော်လည်း ယနေ့ခေတ်ဖြစ်ပေါ်နေသော အခြေ အနေအယူအဆများအရ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့အတွက် တိကျခိုင်လုံသော အဆုံးအဖြတ်ကို ပေးနိုင်မည့်စာအုပ် အမှန်ပင် လိုအပ်လျက်ရှိပေသည်။

သို့ဖြစ်၍ ယခုအခါ၌ကား ဒါယကာကြီး ဦးစိန်တင့်၏ လျှောက်ထားခွင့်ပန်မှုဖြင့် သာသနာတော်၏ အသက်သွေးကြောသဖွယ် ဖြစ်ပြီး ဝိနည်းအရာ၌ အလွန်ပင်အရေးပါလှသည့် သိမ်နှင့်ပတ်သက် ၍ ယနေ့ခေတ်ကာလဖြစ်ပေါ်နေသော အယူအဆအမျိုးမျိုးကို ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အာစရိယပရမ္ပရဂါဒတို့ဖြင့် အကိုးအကား ပြု၍ ဖြေရှင်းပေးမည့် "ဂါမသီမာဒိဝိနိစ္ဆယ" ကို သာသနာတော် အကျိုးမျှော်ကိုးကာ ရေးသားစီစဉ်လိုက်ရခြင်း ဖြစ်ပေသည်။

## ကတညုတကတဝေဒီ

ဤ "ဂါမသီမာဒိဝိနိစ္ဆယ"ကိုရေးသားချီးမြှင့်၍စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေခွင့်ပြုတော်မူသော ကျေးဇူးတော်ရှင်မိုးကောင်းပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ကြီးအားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်အောင် စီစဉ်ပူဇော်ခွင့်ရသဖြင့်လည်းကောင်း၊ စာအုပ်ထုတ်ဝေပူဇော်ရန် ခွင့်ပန်လျှောက်ထားသော ဓမ္မဒါနအလှူရှင် ဒါယကာကြီးဦးစိန်တင့်မိသားစုအားလည်းကောင်း၊ စာမူအစမှ စာအုပ်ပြီးဆုံးသည့်တိုင်အောင် ကူညီဆောင်ရွက်ပေးသော မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ချုပ်မှ "စာပြင်ဆရာဦးသီဟ"အားလည်းကောင်း၊ ဤစာအုပ်နှင့် ပတ်သက်၍ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

## "တောင်းပန်လွှာ"

ဤစာအုပ်၌ စီစဉ်မှုချို့ယွင်းချက်များတွေ့ရှိပါက ထိုချို့ယွင်းချက်အားလုံးသည် ကျမ်းပြုဆရာတော်၏ ချို့ယွင်းချက်မဟုတ်ဘဲစီစဉ်သူမိမိ၏ ချို့ယွင်းချက်သာဖြစ်ကြောင်းနှင့် ၎င်းကိုလည်း အပြစ်မမြင်ဘဲ အသင့်ပြင်စေကြောင်း တောင်းပန်အပ်ပါသည်။

"ကျမ်းပြုဆရာတော်၏ နှလုံးသွင်းအားလျော်စွာ "ဤဝိနိစ္ဆယ နှင့်ပတ်သက်၍ စာပေအထောက်အထားခိုင်လုံစွာပြလျက် ကောင်း မြတ်သောစိတ်ဖြင့် တစ်ဦးတစ်ယောက်က ရှုမြင်ဝေဖန်သုံးသပ်ပါက ကျေနပ်နှစ်သက်စွာ လက်ခံ၍ ပြင်ဆင်ဖို့ရန် အသင့်ဖြစ်ကြောင်းနှင့် မေတ္တာစိတ်ဖြင့် ရှုမြင်ဝေဖန်သုံးသပ် အကြံပြုမှုအားလုံးကို လှိုက်လှဲ ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းကိုလည်း ဖော်ပြအပ်ပါသည်။

စီစဉ်ပူဇော်သူ

အရှင်စန္ဒာသိရီဘိဝံသ
(ပဌမကျော်အောက်ပထမ)
စေတိယင်္ဂဏ+သာသနဓဇဓမ္မာစရိယ(L.L.B)
မင်္ဂလာသိရီပရိယတ္တိစာသင်တိုက်
ဖော့ကန်၊ အင်းစိန်

# အဘိယာစက

(လျှောက်ထားတောင်းပန်လွှာ)

ရိုသေစွာလျှောက်ထားအပ်ပါသည် ဟသ်ာတမိုးကောင်းဆရာတော်အရှင်သူမြတ်ဘုရား။

ဘုရားတပည့်တော်များ ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ချုပ်၌ နှစ်စဉ်ဝါဆိုယောဂီသံဃာ (၁၀၀)ကျော် သီတင်းသုံးလျက် ဝိပဿနာတရားဓမ္မများကို အားထုတ်တော်မူကြရာ ထိုယောဂီသံဃာတော်များ၊ ဥပုသ်စသော ကံကိုဆောင်ရာ၌ ချမ်းသာလွယ်ကူစေရန် ဓမ္မရိပ်သာအတွင်း၌ ဥပရိပါသာဒသိမ်တော်ကို သမုတ်ပေးတော်မူပါရန်နှင့် ဥပရိပါသာဒသိမ်တော်နှင့် ပတ်သက်၍ ရှင်းလင်းဖော်ပြသော စာပေကျမ်းစာရေးသားချီးမြှင့်ပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်။

ဆရာတော် ရေးသားချီးမြှင့်သည့် သာသနာတော်အတွက် အသက်သဖွယ်အရေးကြီးလှသော လေ့လာဖွယ်၊ မှတ်သားဖွယ်၊ သိမ်မျိုးစုံဆိုင်ရာ ထိုစာအုပ်ကို ဘုရားတပည့်တော်တို့မိသားစုမှ ဓမ္မဒါနပြုမည်ဖြစ်ပါကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

ဦးစိန်တင့်
(အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတရဲ)
ဥက္ကဋ္ဌ
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်
တိပိဋကဓမ္မရက္ခိတအဖွဲ့
ရန်ကုန်ရောက်ဟသ်ာတအသင်း
ရန်ကုန်မြို့

# ဂါမသီမာဒိဝိနိစ္ဆယ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စီစဉ်ပူဇော်သူ၏ အမှာစကား | (က) |
| ၂။ | စီစဉ်ပူဇော်သူ၏ တောင်းပန်လွှာ | (င) |
| ၃။ | မဟ္ဒါနကောင်းမှုရှင်၏ အတ္တုပ္ပတ္တိ | (ဆ) |
| ၄။ | ဂါမနှင့် ဝိသုံဂါမ | ၁ |
| ၅။ | ဂါမအပိုင်းအခြား | ၂ |
| ၆။ | ဝိသုံဂါမ အပိုင်းအခြား | ၃ |
| ၇။ | မြို့ပေါ်၌ နယ်သိမ်းနည်း သုံးမျိုး | ၁၄ |
| ၈။ | တစ်မြို့လုံး သိမ်းရမည်ဆိုသောဝါဒ | ၁၅ |
| ၉။ | သူကြီး (ရယက) တစ်ပိုင်သိမ်းရမည်ဆိုသောဝါဒ | ၁၆ |
| ၁၀။ | ဂါမ ကွက်သဖြင့် သီးခြားစီသိမ်းရပုံ | ၁၈ |
| ၁၁။ | မျက်မှောက်ခေတ်အုပ်ချုပ်ပုံ | ၁၉ |
| ၁၂။ | သူကြီးတစ်ပိုင်အတွင်းရှိရပ်ကွက်လေး တစ်ခုလောက်သာ သိမ်းရမည်ဆိုသောဝါဒ | ၂၀ |
| ၁၃။ | ပကတိဂါမသက်ရဒေါသဝိနိစ္ဆယ | ၂၄ |
| ၁၄။ | သဘာဂသိမ်၊ ဝိသဘာဂသိမ်များ | ၂၈ |
| ၁၅။ | နိဿယ၊ နိဿိတသိမ်များ | ၂၉ |
| ၁၆။ | သုံးသပ်ပြချက် | ၃၁ |
| ၁၇။ | သက်သိမ်၊ တက်သိမ်၊ သီမဋ္ဌသိမ်အကြောင်း | ၃၅ |
| ၁၈။ | ဥပရိပါသာဒသိမ် | ၄၀ |
| ၁၉။ | ရေသိမ်အကြောင်းသိကောင်းစရာ | ၅၁ |
| ၂၀။ | မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရ သုံးပါးအထူး | ၅၂ |
| ၂၁။ | ဇာတဿရ၌ နှစ်ကျိပ်တစ်ယောက်စည်းဝေးလောက်မှ အပ်သည်ဆိုရာ မသင့်ကြောင်း | ၅၃ |
| ၂၂။ | ဥဒကုက္ခေပ၌ နာနာဝါဒ ဝိစရဏကို ပြခန်း | ၅၄ |
| ၂၃။ | ဥဒကုက္ခေပ၌ ဝိမတိ၊ ဝိနယာလင်္ကာရတို့ မသင့်ကြောင်း ပြခန်း | ၅၆ |
| ၂၄။ | သမ္မတာ သီမာ ဝိနိစ္ဆယ | ၆၁ |
| ၂၅။ | သံခိတ္တေန ပဋ္ဌပါဒါနက္ခန္ဓာဒုက္ခာ ဝိနိစ္ဆယ | ၆၄ |

# ဂါမသီမာဒိဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဂါမနှင့် ဝိသုံဂါမ

အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရတိ သာ တဿဝါ ဂါမဿ ဂါမသီမာ နိဂမဿဝါ နိဂမသီမာ အယံ သမာနသံဝါသာ ဧကုပေါသထာ- ဟူသော ဝိနည်းမဟာဝါ ပါဠိတော် (နှာ-၁၅၀) အရ ဗဒ္ဓသိမ် မသမုတ် ရသေးပါက - ရဟန်းမှီတင်းနေထိုင်ရာ ရွာသည်ပင် ဂါမသိမ်, နိဂုံး သည်ပင် နိဂမသိမ်ဖြစ်၍ ယင်းဂါမသိမ် နိဂမသိမ်တို့၌ သံဃာသိမ်း၍ ကံပြုနိုင်၏။ ဗဒ္ဓသိမ်နှင့် အတူတူဖြစ်၏ဟူလို

ဤပါဠိတော်၌ ဂါမနှင့် နိဂမကိုသာပြ၍ နဂရကို မပြမဟော။ သို့သော်လည်း အဋ္ဌကထာ (နှာ-၃၃၃)၌ ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ-ဟု ပါဠိတော်၌ တိုက်ရိုက်လာသော ဂါမဖြင့် နဂရကိုလည်း ယူနိုင်၏-ဟု ဖွင့်ဆိုထားခြင်း။ ဝိမတိဝိနောဒနီ ဋီကာ (ဒု-နှာ ၁၆၇) ၌လည်း နိဂမဿဝါတိ ဣဒံ ဂါမသီမပ္ပဘေဒံ သဗ္ဗံ ဥပလက္ခဏဝသေန ဒဿေတုံ ဝုတ္တံ-ဟု ဆိုထားခြင်းကြောင့် ဂါမ နိဂမ နဂရ ဟူသည်မှာ တကယ်တော့ ဂါမများသာ ဖြစ်ကြ၏ဟု မှတ်ပါ။ ထို့ကြောင့် -

(က) အသေးစားဂါမသည် ဂါမ

(ခ) အလတ်စားဂါမသည် နိဂမ

(ဂ) အကြီးစားဂါမသည် နဂရ မည်ကြ၏။

ရွာသည် ဂါမအသေးစား၊ နိဂုံး (တိုက်နယ်) သည် ဂါမ အလတ်စား၊ မြို့သည် ဂါမအကြီးစားဟူလို။

# ဂါမအပိုင်းအခြား

ထိုဂါမတို့၏ အပိုင်းအခြားကို ဝိနယဝိနိစ္ဆယဋီကာ (နှာ-၁၇၉) ၌ ဂါမပရိစ္ဆေဒေါတိ သဗ္ဗဒိသာသု သီမံ ပရိစ္ဆိန္ဒိတွာကမသဿ ပဒေသဿ ဧတ္တကော ကရောတိ၊ ဧဝံကရေန နိယမိတော ဂါမပ္ပဒေသော-ဟု ရှာ၌ ဤရွာ၏ အပိုင်းအခြားသည် အရှေ့ဘက်၌ မည်သည့်လယ်ကွက်၊ သစ်ပင်စသည်အထိ စသည်ဖြင့် ရွာ၏ အရပ်လေးမျက်နှာတို့၌ ပိုင်းခြားထားသော အပိုင်းအခြားအထိ ယူရသည်။ ရွာထဲလောက်သာ ယူလို့မရ။ တိုက်နယ်နှင့် မြို့တို့၌လည်း ထိုနည်းအတိုင်း ယူရမည်-ဟု ပြ၏။

ဤ၌ ကရေန နိယမိတော - ဟူသော စကားကိုလည်း ယေဘုယျနည်းဟုမှတ်။ အကြောင်းကား အခွန်သီးပဓာနမဟုတ်၊ နယ်သီးသာ ပဓာနဖြစ်သောကြောင့်တည်း၊ ထိုဂါမမှာ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေဆိုင်ရာ ရာဇ-ရာဇဘောဂ္ဂတို့က ဂါမတစ်ခုဟု သတ်မှတ်လျှင်ပင် သူတို့သတ်မှတ်သည့်အတိုင်း ဂါမတစ်ခုဟု မှတ်ယူရမည်ပင်ဖြစ်၏။

ထို့ကြောင့် မဟာဝါအဋ္ဌကထာ (နှာ-၃၃၃)၌ တတ္ထ ယတ္တကေ ပဒေသေ တဿ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ သော ပဒေသော အပ္ပေါဝါ ဟောတု မဟန္တောဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ။ နဂရ နိဂမာသုပိ ဧသေဝနယော-ဟုဖွင့်ဆိုတော်မူသည်။ ဤ၌ ဗလိံ လဘန္တိကား ယေဘုယျနည်းတည်း၊ အကြောင်းကား ဂါမထဲ၌ ပါဝင်သော သုသာန်တောင်ပို့စသည်တို့၌ ၊ အခွန်နှင့်မဆိုင်သော ကြောင့်တည်း၊ အခွန်ကိုမရနိုင်သောကြောင့်တည်း၊ ဝိမတိဝိနောဒနီဋီကာ (နှာ-၂၂၄)၌လည်း ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ

သဗ္ဗော၀ ထပေတွာ နဒီ လောဏိ ဇာတဿရေ ဂါမသီမာတိ ဝေဒိတဗ္ဗာ-ဟု ဖွင့်ဆို၏။ ရာဇရာဇဘောဂ္ဂတို့က ဒါရွာတစ်ရွာ-ဟု ဆိုလျှင် ရွာတစ်ရွာ-ဟုသာမှတ်။ သီးခြားရွာဟုဆိုလျှင်လည်း သီးခြားရွာဟုသာမှတ်။ (နဒီ လောဏိ ဇာတဿရတို့ကား ဂါမနှင့် မဆိုင်၊ ဥဒကုက္ခေပ အရာတည်း)။

## ဝိသုံဂါမအပိုင်းအခြား

ဝိသုံဂါမ (သီးခြားရွာ)ဟူသည် ဂါမကြီးထဲကမှ သီးခြားဂါမလေးတစ်ခုပိုင်းခြားပေးခြင်းတည်း။ အိမ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဒါ သီးခြားဂါမလေးတစ်ခုဟု ဆိုင်ရာတို့က ပိုင်းခြားလိုက်လျှင် သူတို့ပိုင်းခြားသည့်အတိုင်း ဝိသုံဂါမဖြစ်တော့၏။ အခြားဂါမနှင့် မရောတော့။ ထို့ကြောင့် မဟာဝါအဋ္ဌကထာ (နှာ-၃၃၃)၌ -

(၁) ယမ္ပိဧကသ္မိံယေဝ ဂါမက္ခေတ္တေ
(၂) ဧကံပဒေသံ
(၃) အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ
(၄) ရာဇာ
(၅) ကဿစိ ဒေတိ
(၆) သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။

ဟု ဖွင့်ဆိုတော်မူ၏။ ထိုတွင် -

(၁) ယမ္ပိဧကသ္မိံယေဝဂါမက္ခေတ္တေ-ဖြင့် ဂါမခေတ် တစ်ခုတည်းမှသာ ဝိသုံဂါမကို ပိုင်းခြားပေးသည်၊ ဂါမခေတ်မဟုတ်သော မြစ်ချောင်းသမုဒ္ဒရာစသည်တို့၌ ဝိသုံဂါမ ပိုင်းခြား၍ မရဟုပြ၏။ ဝိသုံဂါမဟူသည်ရွာကြီးထဲမှ သီးခြားရွာလေးတည်း-မြစ်ချောင်းသမုဒ္ဒရာစသည်တို့ကား ဥဒကုက္ခေပအရာတည်း၊ ဂါမနှင့် မဆိုင်။

ဤ၌ ဂါမခေတ်ဟူသည် အဘိဓမ္မာ၌ တံခါးခုံတည်ရာ အရပ်ဖြင့် လည်းကောင်း၊ အဒိန္နဒါန် သိက္ခာပုဒ်၌ ပရိက္ခေပ ပရိက္ခေပါရဟဌာနဖြင့်လည်းကောင်း၊ အာရညက သိက္ခာပုဒ်၌ ကုတ်လုပ်လေးတာအပြန်ငါးရာဖြင့်လည်းကောင်း ပိုင်းခြားသကဲ့သို့ ဤဂါမသိမ်အရာ၌ကား ထိုကဲ့သို့ မဟုတ်ပါ။ လောကဝေါဟာရအားဖြင့်ပြီးသော အခွန်ကောက်ယူရာ ရွာသူကြီးတို့၏ အခွန်ရရာ အရပ်အားဖြင့် ပိုင်းခြားအပ်၏။ ဤရွာ၏ နယ်ပယ်သည် ဤလယ်ကွက်အထိရောက်၏ စသည်ဖြင့် ရာဇ-ရာဇဘောဂ္ဂတို့က ပိုင်းခြားလျှင် သူတို့ပိုင်းခြားသည့်အတိုင်း ဂါမ၏ခေတ်ကို သိအပ်၏။ **အထူးကား** ဤစကားအရ ဂါမကို နယ်သိမ်းရာ၌ ဂါမ၏ အပိုင်းအခြား ဂါမခေတ်အထိ သိမ်းရမည်ဟုမှတ်။

(၂) ဧကံပဒေသံ-ဖြင့် ဂါမတစ်ခုလုံးကို ဝိသုံဂါမပြု၍မဖြစ်၊ ဂါမကြီး၏ တစ်စိတ်တစ်ဒေသအရပ်ကိုသာ ဝိသုံဂါမပြု၍ရ၏ဟု ပြ၏။ ဂါမကြီး၏ တစ်စိတ်တစ်ဒေသကိုသာ ဝိသုံဂါမဟု ခေါ်နိုင်၏။ (ဝိသုံ ပဝတ္တော ဂါမော ဝိသုံဂါမော)

ဤ၌ ဧကံဂါမံဟုမဆိုဘဲ ဧကံပဒေသံဟု ဆိုသောကြောင့် ဂါမခေတ်တစ်ခုအတွင်း၌ အိမ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ တစ်စုံ တစ်ခုသော အရပ်ကိုလည်းကောင်း၊ (ဥဒကုက္ခေပအရာဖြစ်သော နဒီလောဏိဇာတဿရတို့ကို ချန်ထား၍) အလယ်ကျွန်းသောင် သုသာန်တောတောင်စသည်တို့ကိုလည်းကောင်း ဂါမသိမ်အဖြစ် ယူရမည်ဟုပြ၏။

၃။ အယံဝိသုံဂါမောဟောတူတိပရိစ္ဆိန္နိတွာ-ဖြင့် ဝိသုံဂါမ ပိုင်းခြားပုံ အခြင်းအရာ အာကာရကို ပြ၏။ ဤစကားအရ လာဘသိမ် အဖြစ်ဖြင့် ခွင့်ပြုထားသော ဘုရားမြေ၊ ကျောင်းမြေ-စသော ဝတ္ထုကံ

မြေများကို ဝိသုံဂါမ မဖြစ်နိုင်ဟု ဆရာများဆိုကြ၏။ ဘုရားအား လှူပါ၏။ သံဃာအားလှူပါ၏ စသည်သာပါ၍ ဂါမကြီးမှ သီးခြား ဂါမလေး ဖြစ်စေ-ဟူသော ပိုင်းခြားချက် မပါသောကြောင့်တည်း။

ထို့ကြောင့် ဝိနယဂဏ္ဌိတ္ထ ပကာသနီ ကျမ်း၌-ပရိစ္ဆိန္ဒိတ္တာတိ ကာရဏံ-ဟုဖွင့်ဆိုထား၏။ ရွာငယ်အဖြစ် ပိုင်းခြားခြင်းသည် အကြောင်း ပေးခြင်းသည်အကျိုး။ ပရိစ္ဆိန္ဒိတ္တာ-ဟူသော အကြောင်းသာ ပဓာနဖြစ်၍ ဒေတိကား ပဓာနမဟုတ် ဟူလို။ ဤအလို ဝတ္ထုကံမြေများသည် မူလဂါမကြီးမှ ပိုင်းခြားခြင်းမရှိ မူလဂါမကြီးနှင့် စပ်နေသဖြင့် ဂါမ၌သာပါ၏။ ဝိသုံဂါမ မဖြစ်ဟူလို။

၄။ ရာဇာ-ဖြင့် နိဒဿနနည်းကိုပြ၏။ ရာဇာအရ မင်းကိုသာမက- မင်းထံမှ အာဏာကိုရသဖြင့် မြေကိုခွဲခြားဝေဖန်နိုင်သည့် အာဏာရှိသူ ဟူသမျှကို ယူရသောကြောင့်တည်း။ ရာဇာဒီဟိ ပရိစ္ဆိန္န ဘူမိဘာဂေါ ဟိ-စသော ဝိမတိဝိနောဒနီဋီကာအဖွင့်ကိုထောက်။

၅။ ကဿစိဒေတိ-ဖြင့် သမ္ပဒါန်ကိုပြ၏။ ယင်းသမ္ပဒါန်ပုဒ်ဖြင့် မူလဘောဇက မူလသူကြီးအား ဝိသုံဂါမ ပေး၍ မဖြစ်၊ ယင်းမူလ သူကြီးမှတပါး အခြားတစ်စုံတစ်ယောက်ကိုသာ ဝိသုံဂါမပေးရမည် ဟုပြ၏။ ယင်းသမ္ပဒါန်ပုဒ်၌ သက်ရှိသက်မဲ့စသည်ဖြင့် မပိုင်းခြား၊ ဋီကာဆရာတို့လည်း မဖွင့်ကြသဖြင့် -

၁။ သက်ရှိသက်မဲ့အား

၂။ ကျောင်းစေတီဘုရားအား

ပေးလှူသမျှအရပ်ကို ဝိသုံဂါမဟုယူပြီး ရှေးကပညာရှိကြီးများပင် မှီရာဂါမခေတ်အတွင်း သံဃာကိုမသိမ်းဘဲ ဗဒ္ဓသိမ်သမုတ်တော်မူကြ ဘူး၏၊ နက်နဲသော ပညာရှင်ကြီးများ၏ အယူအဆဖြစ်၍ မဝေဖန်လို။

မိမိကား သစေ ဧကေသိံ ဂါမက္ခေတ္တေ သီမံ ဗန္ဓိတုကာမာ ယေ တတ္ထ ဗဒ္ဓသီမဝိဟာရာ တေသု ဘိက္ခူနံ မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ တုမှေ သကသီမာ ပရိစ္ဆေဒတော မာ နိက္ခမိတ္ထာတိ ပေသေတဗ္ဗံ၊ ယေ အဗဒ္ဓသီမဝိဟာရာ တေသု ဘိက္ခူ ဧကဇ္ဈံ သန္နိပါတေတဗ္ဗာ ဆန္ဒာရဟာနံ ဆန္ဒာ အာဟာရာပေတဗ္ဗာ-ဟူသော အဋ္ဌကထာ (နှာ-၃၂၂)ကို ထောက်၍ ဝတ္ထုကံမြေများကို ဝိသုံဂါမအဖြစ် မယူစေလို။

ရှင်းပြပါဦးမည်။ အကယ်၍ ကျောင်းမြေဘုရားမြေသည် ဝိသုံဂါမ ဖြစ်ပါက သိမ်သမုတ်မည့်ဂါမခေတ်အတွင်းသံဃာသိမ်းသော အခါ မိမိတို့ ဗဒ္ဓသိမ်ထဲ ဝင်နေကြပါဟုပြောရန်မလို၊ ကျောင်းမြေ ဘုရားမြေသည် ဝိသုံဂါမ ဖြစ်သည်ဟုဆိုသောကြောင့်တည်း။ အခုတော့ ဆန္ဒပေးလျှင်ပေး၊ မပေးလိုပါက မိမိတို့၏ ဗဒ္ဓသိမ်ထဲ ဝင်နေပါဟုဆိုသဖြင့် ကျောင်းမြေ ဘုရားမြေသည် ဝိသုံဂါမ မဟုတ်ကြောင်း ပကတိဂါမသာဖြစ်ကြောင်း ထင်ရှားပေသည်။

ဤစကားရပ်တို့ဖြင့် ဝိသုံဂါမအင်္ဂါသည် -

(၁) ပကတိဂါမခေတ်လည်း ဖြစ်စေ

(၂) ထိုပကတိဂါမခေတ်အတွင်း တစ်စိတ်တစ်ဒေသမြေ အရပ်လည်းဖြစ်စေ

(၃) အဋ္ဌကထာပြအာကာရဖြင့် ပိုင်းခြားသတ်မှတ်သည် လည်းဖြစ်စေ

(၄) သတ်မှတ်ပိုင်းခြားသူသည် သတ်မှတ်ပိုင်းခြားနိုင် သော အခွင့်အာဏာရှိသူ ရာဇ-ရာဇဘောဂ္ဂ တစ်မျိုးမျိုးဖြစ်စေ-ဟု လေးမျိုးရှိ၏။

သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ - ၌ ပိသဒ္ဒါဖြင့် မူလဂါမသာ ဂါမသိမ်မည်သည်မဟုတ်သေး၊ သီးခြားပိုင်းခြားပေးအပ်သော အရပ် ဒေသသည်လည်း သီးခြားရှာပါဘဲဟု ပေါင်းဆည်း၏။

တသ္မာ သာ စ ဣတရာ စ ပကတိဂါမ နဂရ နိဂမသီမာ

ဗဒ္ဓသီမာ သဒိသာယေဝ ဟောန္တိ - ဟူသော အဋ္ဌကထာ (နှာ-၃၃၃)ကိုထောက်၍ ထိုဂါမ ဝိသုံဂါမများ၌ ဗဒ္ဓသိမ်ကဲ့သို့ သံဃာ သိမ်း၍ ကံကြီးကံငယ်ဆောင်နိုင်၏ဟုမှတ်ပါ။ သာစ-ထိုဝိသုံဂါမ သိမ်သည်လည်းကောင်း၊ ဣတရာ-ဤဝိသုံဂါမမှ တပါးကုန်သော၊ ပကတိဂါမ နဂရ နိဂမ သီမာစ-ပကတိဂါမသိမ် နဂရသိမ် နိဂမသိမ် တို့သည်လည်းကောင်း စသည်ဖြင့် အနက်ပေး။ ဣတရာစ၌ ဥဒကု က္ခေပနှင့် သတ္တဗ္ဘန္တရတို့လည်း ပါနိုင်၏။ ဂါမ-နိဂမ နဂရဟူသည်မှာ လည်း ဂါမ၏အမည်များသာ ဖြစ်ကြ၏၊ ဟု အစကပြခဲ့ပြီ။ ထို့ကြောင့် ဂါမနှင့် ဝိသုံဂါမတို့ကို ဂါမ နိဂမ နဂရ သုံးမျိုးလုံး၌ ရနိုင်ကြဟု အထူး မှတ်ပါ။

ထိုစကားသည်မှန်၏ ဝိသုံဂါမ-ဟူသည် ရွာနယ်ကြီး အတွင်း၌ ရွာနယ်ကလေးသီးခြားခွဲထုတ်ခြင်းကို ဆိုလိုသည်ဖြစ်ရာ- ဂါမ နိဂမ နဂရ သုံးမျိုးလုံး၌ပင်

(၁) ချီးမြှင့်မြောက်စားလို၍ဖြစ်စေ

(၂) အုပ်ချုပ်ရေးလွယ်ကူစေရန်ဖြစ်စေ

(၃) ရဟန်းတော်များကံဆောင်လွယ်ကူစေရန်ဖြစ်စေ

ရွာနယ်ကလေးသီးခြားခွဲခြင်းကို ဝိသုံဂါမဟုမှတ်ပါ။ ထိုတွင် ရှေးခေတ် ဘုရင်များလက်ထက် ရွာစားပေးခြင်းသည် ၁=အမျိုးအစား။ ယခုခေတ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသည် ၂=အမျိုးအစား။ ယခုခေတ် ရဟန်းတော်များ ကံဆောင်၍ လွယ်ကူစေရန် ဝိသုံဂါမသိမ်

မိန့်ပေးခြင်းသည် ၃=အမျိုးအစား ဖြစ်ကြ၏။ ၃=အမျိုးအစား၌ကား အင်္ဂါလေးချက်လုံး ညီရမည်ကို အထူးသတိပြု။

ဤသို့ဆိုလျှင် မြို့၌ရှိသော ကောင်စီတစ်ပိုင်၊ ရပ်ကွက်တစ်ခုကို ဂါမတစ်ခုဟု ယူနိုင်ပါမည်လော-ဟုမေးစရာရှိ၏။ ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ သဗ္ဗော ဝ ထပေတွာ နဒီ လောဏိ ဇာတဿရေ ဂါမသီမာတိ ဝေဒိတဗ္ဗော-ဟူသော ဝိမတိဝိနောဒနီ (နှာ-၂၂၄)ကို ထောက်က-ရာဇ-ရာဇဘောဂ္ဂတို့က ပိုင်းခြားသတ်မှတ်သမျှ ဂါမ၊ ဝိသုံဂါမ မည်သည်သာဟုမှတ်ပါ။ ထိုထက်ပို၍ ပေါ်လွင်အောင် ဝဇိရဗုဒ္ဓိဋီကာဖြင့်ပြပါအံ့။

(က) ပုဗ္ဗေ မဟာဂါမော ဟောတိ မဇ္ဈေ ဘိက္ခုနိဝိဟာရော ပစ္ဆာ တံဂါမံ စတ္တာရော ဇနာ လဘိတွာ ဝိသုံ ဝိသုံ ဝတိပရိက္ခေပံ ကတွာ ဝိဘဇိတွာ ဘုဉ္ဇန္တိ ဝိဟာရတော ဧကံ ဂါမံ ဂန္တုံ ဝဋ္ဋတိ တတော အပရံဂါမံ ဒွါရေနဝါ ဝတိဆိဒ္ဒေနဝါ ပဝိသိတုံ နဝဋ္ဋတိ ပုန ဝိဟာရမေဝ ပစ္စာဂန္တုံ ဝဋ္ဋတိ ကသ္မာ ဝိဟာရဿ စတုဂါမသာဓာရဏတ္တာ။

(ပါစိတျာဒိအဋ္ဌကထာ-နှာ ၁၈၅)

(ခ) စတုဂါမသာဓာရဏတ္တာတိဧတ္ထ
ဧဝံ ဝိဓေ ဝိဟာရေ သီမံ ဗန္ဓန္တေဟိ
စတ္တာရောပိ တေ ဂါမာ သောဓေတဗ္ဗာတိ ဝေဒိတဗ္ဗာ။

(ဝဇိရဗုဒ္ဓိဋီကာ-နှာ ၃၅၉)

ဤ၌ဂါမကြီးတစ်ခုကို လေးပိုင်းပိုင်းပြီး လေးယောက်ခွဲ၍ အုပ်ချုပ်ကြရာ အကယ်၍ ဘိက္ခုနီမကျောင်းသည် ထိုလေးရွာလုံးနှင့် စပ်နေသည်ဖြစ်ပါက ထိုဘိက္ခုနီမကျောင်း၌ သိမ်သမုတ်လျှင် လေးရွာလုံး၌ရှိသော သံဃာများကို သိမ်းရမည်ဟု ဆိုလိုရင်းဖြစ်၏။

ဇာတိရေကတ္ထကြံပါက ဘိက္ခုနီမကျောင်းသည် အကယ်၍လေးရွာလုံးနှင့် မစပ်ဘဲ တစ်ခုခုသော ရွာနှင့်သာ စပ်ပါက ထိုစပ်သော ရွာ၌သာ သံဃာသိမ်းရမည်ဟု ဆိုလို၏။ ဤ၌လေးပိုင်းပိုင်းသည်ကို (စတုဂါမ) လေးရွာ-ဟု ဆိုထားသည်ကိုလည်း အထူးသတိပြုပါ။

ထို့ကြောင့် ဂါမကြီးဖြစ်နေသော နဂရတစ်ခုကို ဆယ်ပိုင်းပိုင်း၍ ဆယ်ယောက်အုပ်ချုပ်ရာ၌ အကယ်၍ နှစ်ရွာနှင့် စပ်က ထိုစပ်သော နှစ်ရွာကိုသိမ်း၊ သုံးရွာနှင့် စပ်က သုံးရွာကိုသိမ်း၊ တစ်ရွာနှင့် စပ်ပါက တစ်ရွာကိုသာသိမ်းဟုဆိုရာ ရောက်၏။ ဤ၌ -

(၁) စပ်သောရွာကိုသာသိမ်းရမည်ဟုဆိုထားခြင်း

(၂) ပိုင်းခြားအုပ်ချုပ်ရာအရပ်ကိုဂါမတစ်ခု-ဟု သုံးနှုန်းထားခြင်းတို့ကိုထောက်ပါက-နဂရဟူသော ဂါမကြီးတစ်ခု၌လည်း ပိုင်းခြား၍ အုပ်ချုပ်သော ကောင်စီတစ်ပိုင်၊ သူကြီးတစ်ပိုင်၊ ရယက တစ်ပိုင်ကို ဂါမတစ်ခုဟု ယူနိုင်ကြောင်း ထင်ရှားလှပါသည်။ ထိုဂါမများကို မည်သည့်ဂါမဟုဆိုမည်နည်းဟူမူ ဂါမကြီးထဲမှ အုပ်ချုပ်ရန် လွယ်အောင် သီးခြားပိုင်းခြားထားသောကြောင့် ဝိသုံဂါမဟုလည်း ဆိုနိုင်၏ဟုမှတ်ပါ။

ဤသို့ဆိုလျှင် ပရိဝါ ပါဠိ (နှာ-၃၇၅) ၌ ၁၂-ယူဇနာလောက်မှာ သံဃာအပြည့်ဖြင့် ကံဆောင်နေရာ အခြားတစ်ဘက် ၁၂-ယူဇနာလောက်မှာနေသော ရဟန်းတစ်ပါးကြောင့် ဝဂ္ဂဘေဒဖြစ်ပြီး ဆောင်နေဆဲကံ ပျက်ရ၏၊ အဲဒါဘာကြောင့်နည်း-ဟု မေးခွန်းထုတ်ထား၏။

ဗဒ္ဓသိမ်အကြီးစားမှာ သုံးယူဇနာသာရှိ၏၊ အခု ၁၂-ယူဇနာဆို၍အဆန်းဖြစ်နေရ၏။ အဋ္ဌကထာဆရာကဖြေထားပါ၏။ အဲဒါ ဗဒ္ဓသိမ်ကိုရည်ရွယ်၍ မေးတဲ့မေးခွန်းမဟုတ်ဘူး။ ၁၂-ယူဇနာ

ကျယ်သော ဗာရာဏသီမြို့ဟူသော အဗဒ္ဓသိမ်ကို ရည်ရွယ်၍မေး တာ-ဟူလို။

ဤအလိုမြို့ပေါ်၌ နယ်သိမ်း၍ သိမ်သမုတ်ပါက-တစ်မြို့လုံး ကို နယ်သိမ်းနိုင်လျှင် သမုတ်။ မသိမ်းနိုင်လျှင် မသမုတ်နှင့်ဟု ပြောရာ ရောက်နေ၏။ အမှန်မှာ-ရှေးခေတ်က မြို့ကို တစ်ဦးတည်း အုပ်ချုပ် သည်လည်းရှိ၏။ ပိုင်းခြားပြီး အသီးသီး အုပ်ချုပ်သည်လည်းရှိ၏။ (အမေးအဖြေခဏ်း၌ ထင်ရှားပါလိမ့်မည်) တစ်ဦးတည်းအုပ်ချုပ်သော မြို့၌ သိမ်သမုတ်လျှင် တစ်မြို့လုံးနယ်သိမ်းရမည်။ အသီးသီး ပိုင်းခြား ပြီး အုပ်ချုပ်သောမြို့ဖြစ်လျှင်ကား သိမ်သမုတ်သည့် အပိုင်းအခြား အတွင်း (ဂါမအတွင်း) ၌ရှိသော သံဃာကိုသာ သိမ်းရမည်။ တစ်မြို့လုံးသိမ်းရန်မလိုဟု မှတ်ပါ။

ဝိနယဂဏ္ဌိဋ္ဌာန ဝိနိစ္ဆယတ္ထကျမ်းကြီး၌လည်း -

✳နဂရတစ်ခုကိုလေးဦးသော ဘောဇက (သူကြီး)တို့ အသီးအသီး ခွဲခြား၍ အုပ်ချုပ်ပါက ထိုတစ်ခုသော နဂရ၌ အသီး အသီး ဂါမကွက်၍ဖြစ်သည်။ ထိုအသီးအသီးကွက်၍ရသော လေးခု သော ဂါမတို့တွင် မိမိတို့ ဂါမ၌ နယ်ပယ်ကိုသိမ်း၍ ကံပြုခြင်းငှာ အပ်သည်- ဟု ဆုံးဖြတ်ထားသည်ကို တွေ့ရ၏။

ဤအဆုံးအဖြတ်သည် ဝဇီရဗုဒ္ဓိဋီကာ (နှာ-၃၅၉) နှင့် ကိုက်ညီသည့်အပြင် ယခုခေတ် မြန်မာနိုင်ငံအုပ်ချုပ်ရေးကား မြို့ကို ရပ်ကွက်များဖြင့် ပိုင်းခြားပြီး အုပ်ချုပ်နေခြင်းဖြစ်၍-မြို့ပေါ်၌ ရပ်ကွက် များကို ဂါမအသီးသီးဟု ယူနိုင်၏-ဟု မှတ်ပါ။ (အမေးအဖြေခဏ်း၌ ထင်ရှားလိမ့်မည်)

# နောက်ဆက်တွဲ အမေးအဖြေ

မေး။ တောရွာများ၌ နယ်သိမ်းသိမ်သမုတ်သောအခါ ကောင်စီတစ်ပိုင် နယ်သိမ်းရမည်လော၊ သိမ်သမုတ်မည့်ရွာလောက်သာ သိမ်းရမည် လော။

ဖြေ။ ကောင်စီတစ်ပိုင်သိမ်းရန်မလို သိမ်သမုတ်မည့်ရွာလောက်သာ သိမ်းရပါသည်။

(ရှင်းလင်းချက်)အသမ္ဘတာယ ဘိက္ခုဝေ သီမာယ အဋ္ဌပိတာယ- စသော ဝိနည်းမဟာဝါ ပါဠိတော် (နှာ - ၁၅၀) အရ ရဟန်းနေထိုင်ရာ ရွာသည်ပင် ရဟန်းအဖို့ ပကတိဂါမသိမ်ဖြစ်၏ဟု ဟောထားခြင်းကြောင့် သိမ်သမုတ်မည့်ရွာကိုသာ နယ်သိမ်းရမည်ဟု ထင်ရှားပါသည်။

သိမ်မျိုးစုံ မဟာဋီကာ စာမျက်နှာ ၆၄ ၌လည်း-

* ရေမြေကို အစိုးရသောမင်း ထိုမင်းထံမှ နယ်သီး၊ ရွာသီး၊ မြို့သီးဖြစ်အောင် ပိုင်းခြားနိုင်သော ရာထူးဌာနန္တရကို ရရှိသော မှူးမတ်တို့သည် ပိုင်းခြားအပ်သော သံဃာနေသောရွာ၏ ရွာတပါးနှင့် မရောယှက်သော နယ်နိမိတ် အပိုင်းအခြားအတွင်း အရပ်သည် ဂါမသိမ်မည်၏-ဟု ပြဆိုထား၏။ ဤ၌ ကောင်စီတစ်ပိုင်၊ သူကြီးတစ်ပိုင်၊ ရယကတစ်ပိုင် စသော စကားများ မပါသည်ကို သတိပြု။

တစ်ဖန် စာမျက်နှာ ၄၅ ၌လည်း-

* ဤအရာ၌ တစ်ခုခုသော နယ်သီးနယ်ခြားရှိသော ရွာအများကို တစ်ဦးသော သူကြီးသာ ခိုင်စားရာ၌ ထိုသူကြီးတစ်ဦးပိုင် ရွာအများကို သံဃာကုန်သိမ်းရမည်။ သို့မဟုတ် တစ်ခုခုသော ရွာ၏ မိမိတို့နယ်သီး၊ ဂါမအသီးသီး ဖြစ်၍ မိမိတို့ သိမ်သမုတ်လိုရာ တစ်ခုသော ဂါမခေတ် အတွင်းရှိ သံဃာကို သိမ်းရမည်လော - ဟု ငါတို့ထံ

ရှေးအခါက တောင်သာမြို့နယ် ဇရပ်ကြီးရွာ ဘုန်းကြီးအများတို့ လျှောက်ထား ဘူးရာ -

သိမ်သမုတ်လိုသော ရွာခေတ်အတွင်းရှိ သံဃာကိုသာ သိမ်းရမည်။ တစ်ဦးသူကြီးပိုင်သည်ကို ပမာဏပြု၍ ၎င်းသူကြီးပိုင် ရွာအများရှိ သံဃာဟူသမျှ မသိမ်းရ။ သဗ္ဗညုမြတ်စွာဘုရားသခင်သည် နယ်သီးကိုသာ ပမာနပြု၍ ဟောတော်မူသည်။ အခွန်သီးကို အရိပ်အမြွက်မျှ ဟောတော်မမူ။ ဝိသုံဂါမပြ အဋ္ဌကထာကြီးတို့၌ နယ်သီးကိုသာ ဖွင့်တော်မူသည်။ အခွန်သီးကိုဖွင့်တော်မမူကြ။ ဒုတိယ ဂါမပရိစ္ဆေဒကို အဋ္ဌကထာဆရာ ✳ ဗလိံ လဘန္တိ-ဟု အခွန်သီးမှုကို ဆိုပေသမူ အခွန်သီးက နယ်သီး ကြောင်း-ပြတော်မူတော်မူလို၍သာ ဆိုသည် အခွန်သီးမှ ဂါမခေတ် ဖြစ်ကြောင်း အရိပ်အမြွက်မျှ မပြ။ မိုင်းခိုင်းဆရာတော်နှင့် ကျီဝန်ဆရာတော်တို့ မိန့်တော်မူကြသတည်း- ဟု ရေးသားတော်မူ၏။

ဤမျှသော သာဓကများကို ထောက်ပါက သိမ်သမုတ်မည့်ရွာရှိ ရဟန်းများကိုသာ သိမ်းရမည်။ ကောင်စီတစ်ပိုင်အတွင်းရှိ ရွာအများ၌ရှိသော ရဟန်းများကို သိမ်းရန်မလိုသည်မှာ ထင်ရှားပြီ၊ တစ်ခုတော့ ပြောစရာရှိ၏၊ သိမ်သမုတ်မည့်ရွာကို သိမ်းသည့်အခါ ရွာ၏နယ်ပယ် ဥပစာတိုင်အောင် သိမ်းရမည်။ ရွာတွင်းလောက်သာသိမ်းလို့မရ၊ ရွာ၏ နယ်ပယ်ဥပစာကိုလည်း ဤရွာသည် အရှေ့ဘက်က ဘယ်လယ်ကွက် အထိ ရောက်သည်-စသည်ဖြင့် ပိုင်းခြားထားကြ၏။

မေး။ သိမ်သမုတ်မည့် ရွာလောက်သာ မသိမ်းဘဲ ကောင်စီတစ်ပိုင် အတွင်းရှိ ရွာအများကို သိမ်းလျှင် မည်သို့ အပြစ်ရောက် နိုင်ပါသနည်း

ဖြေ။ သိမ်သမုတ်မည့်ရွာနှင့် ဆက်စပ်သော ကောင်စီတစ်ပိုင်အတွင်း၌ (က)ရွာ၊ (ခ)ရွာ၊ (ဂ)ရွာဟု ရွာသုံးရွာရှိသည်ဆိုကြစို့၊ ထိုရွာသုံးရွာကလည်း အသီးအသီး ပကတိဂါမသိမ်တွေဖြစ်နေကြသဖြင့် (က)ရွာမှာ သိမ်သမုတ်လို့ (ခ)ရွာ (ဂ)ရွာသို့ ဆန္ဒတောင်းလျှင် သိမ်မတူ၍ ထိုဆန္ဒ (က)ရွာသို့ မရောက်တော့-ရောက်တယ်မှတ်ပြီး (က)ရွာ၌ သိမ်သမုတ်၊ ထိုကိုယ်တော်များကလည်း သူတို့ပေးတဲ့ဆန္ဒ ရောက်တယ် မှတ်ပြီး (က) ရွာထဲ ဝင်ထွက်သွားလာနေလျှင် (က)ရွာ၌ ဆောင်တဲ့ကံ မအောင်ပါ။ အကယ်၍ အရောက်ပင့်လျှင်ကား အပြစ်ပြောစရာ မရှိပါ။

(အမှာ) အထူးမှာကြားလိုတာကတော့ သိမ်သမုတ်ရန် နယ်သိမ်းလိုက်တဲ့ရွာကလည်း သက်ဆိုင်ရာ မြေပုံ၌ပါဝင်ပြီး ဆိုင်ရာက အသိအမှတ်ပြုပြီးသော ရွာဖြစ်ဖို့ အရေးကြီးပါ၏။ ရွာတည်လိုတဲ့ လူများက မိမိတို့သဘောဆန္ဒအရ ပြောင်းရွှေ့လာပြီး ဆိုင်ရာက ရွာတစ်ရွာဟု အသိအမှတ်မပြုရသေးတဲ့ရွာ မဖြစ်စေရ "ရာဇာဒိဟိပရိစ္ဆိန္နဘူမိဘာဂေါ" စသော ဝိမတိဋီကာကို ထောက်ပါ။

(မှတ်ချက်) ဤစကားများအရ တောရွာများ၌ နယ်သိမ်းသမုတ်သောအခါ-

၁။ သူကြီးတစ်ပိုင်အတွင်းရှိ ရွာအကုန်သိမ်း၍ သမုတ်နည်း။

၂။ သိမ်သမုတ်မည့် ရွာလောက်သာ သိမ်း၍ သမုတ်နည်းဟု နှစ်မျိုးရှိရာ - (၂) အမျိုးအစား (သမုတ်နည်းသာ) အကောင်းဆုံး အရှင်းဆုံးဖြစ်၏ဟုမှတ်ပါ။

(ရှင်းလင်းချက်) မြို့ပေါ်၌ နယ်သိမ်းသမုတ်ခြင်းသည် တောရွာလောက်မလွယ်ကူ။ ဝိသုံဂါမသိမ်မိန့် ရဖို့ဆိုတာကလည်း မလွယ်ကူ။ အလွန်ခဲယဉ်းလှ၏။ အမှန်မှာ နယ်သိမ်းသမုတ်ခြင်းသည် ဘုရားရှင်တိုက်ရိုက်ခွင့်ပြုထားသော ပါဠိတော်နည်းဖြစ်၍ ဝိသုံဂါမသိမ် အမိန့်ခံယူပြီး သမုတ်ခြင်းကား အဋ္ဌကထာဆရာခွင့်ပြုထားသော အဋ္ဌကထာနည်းဖြစ်၏။

မြတ်စွာဘုရားရှင်သည် မဇ္ဈိမပဋိပဒါဖြစ်သည့်အား လျော်စွာ အတ္တကိလမထာနုယောဂ တစ်ဘက်စွန်းရောက် အကျင့်ကို အားပေးတော်မူလေ့မရှိပါ။ ထို့ကြောင့် ပါဠိတော်နည်းအရ မြို့ပေါ်၌လည်း မှန်ကန်သော ဖြစ်နိုင်သော နယ်သိမ်းနည်းကို ကြိုးစားရမည် ဖြစ်ပါသည်။

## မြို့ပေါ်၌နယ်သိမ်းနည်းသုံးမျိုး

ယခုအခါ ထိုထိုပညာရှင်တို့၏ အဆိုအမိန့်အရ မြို့ပေါ်၌ နယ်သိမ်းရာဝယ် ဝါဒသုံးမျိုးရှိနေသည်ကို တွေ့ရ၏။

(က) တစ်မြို့လုံး သိမ်းရမည်ဆိုသောဝါဒ

(ခ) သူကြီး (ရယက)တစ်ပိုင်သိမ်းရမည်ဆိုသောဝါဒ

(ဂ) သူကြီး(ရယက)တစ်ပိုင်အတွင်းရပ်ကွက်လေး တစ်ခုလောက်သာသိမ်းလျှင်ဖြစ်၏ဆိုသောဝါဒ

ဤဝါဒသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် သိမ်သမုတ်နေကြသည်ကိုတွေ့ရ၏။

## (က) တစ်မြို့လုံးသိမ်းရမည်ဆိုသောဝါဒ

ပရိဝါရ ပါဠိတော် (နှာ-၁၇၅) ၌ -

ဘိက္ခု သိယာ ဝီသတိယာ သမာဂတာ
ကမ္မံ ကရေယျုံ သမဂ္ဂသညိနော
ဘိက္ခု သိယာ ဒွါဒသယောဇနေ ဋ္ဌိတော
ကမ္မဉ္စ တံ ကုပ္ပေယျ။ ဝဂ္ဂပစ္စယာ

တစ်နေရာ၌ ရဟန်းအပြည့်အစုံဖြင့် ကံဆောင်နေကြ၏။ အခြားတစ်ဖက် ၁၂-ယူဇနာလောက်၌ရှိသော ရဟန်းတစ်ပါးကြောင့် ဝဂ္ဂဘေဒဖြစ်ပြီး ဆောင်နေသောကံ ပျက်ရ၏။ အဲဒါဘာကြောင့်နည်းဟု ပုစ္ဆာထုတ်ထား၏။

အကြီးဆုံး ဗဒ္ဓသိမ်ဖြစ်သော မဟာသိမ်သည်ပင် သုံးယူဇနာသာရှိ၏။ အခု ၁၂-ယူဇနာဆိုတော့ ခက်နေ၏။ သို့သော် အဋ္ဌကထာဆရာက အဲဒါ အဗဒ္ဓသိမ်ကို ရည်ရွယ်၍ မေးတာဟု ဖြေထားပါ၏။

ဤအဖြေကို ထောက်၍ မြို့ပေါ်၌ သိမ်သမုတ်လို၍ နယ်သိမ်းလျှင် တစ်မြို့လုံး သိမ်းနိုင်မှ အောင်မြင်၏ ဟု အယူရှိတော်မူကြခြင်းဖြစ်၏။

(သုံးသပ်ချက်) သို့သော်လည်း ရှေးအခါက နဂရဟူသောမြို့ကို မြို့စားမြို့သူကြီးတစ်ဦးတည်းသာ အုပ်ချုပ်သည်လည်းရှိ၏။ အသီးအသီးပိုင်းခြားပြီး အများအုပ်ချုပ်သည်လည်းရှိ၏။ ယခုမြန်မာနိုင်ငံတော်အုပ်ချုပ်ရေးကား အများအုပ်ချုပ်ရေးဖြစ်၏။

မြို့စား၊ မြို့သူကြီးတစ်ဦးတည်းအုပ်ချုပ်သော မြို့ဖြစ်လျှင် တစ်မြို့လုံးသိမ်းရ၏။ အများအုပ်ချုပ်သောမြို့ ဖြစ်လျှင်ကား အသီးအသီး ဂါမကွက်၍ ဖြစ်သောကြောင့် ကံဆောင်သော ဂါမ၌သာ သိမ်းရ၏ ဟုမှတ်ပါ။ (နောက်၌ ဝိနိစ္ဆယများဖြင့် ထင်ရှားလတ္တံ့)

ဤအရာ၌ *စတုဂါမ သာဓာရဏတ္တာတိ ဇဝံ ဝိဓေ
ဝိဟာရေ သီမံ ဗန္ဓန္တေဟိ စတ္တာရောပိ
တေ ဂါမာသောဓေတဗ္ဗာ-ဟူသော
ဝဇီရဗုဒ္ဓိဋီကာ (နှာ-၃၅၉) ကိုလည်း
ထောက်နိုင်၏။

နဂရ-ဟူသော ဂါမကြီးတစ်ခုကို လေးယောက်ခွဲအုပ်ချုပ်လျှင် လေးဂါမဖြစ်၏။ တစ်ယောက်တည်းအုပ်ချုပ်က တစ်ဂါမသာဖြစ်၏ ဟူလို။

## (ခ) သူကြီး(ရယက)တစ်ပိုင်သိမ်းရမည်ဆိုသောဝါဒ

ဤဝါဒနှင့် ပတ်သက်၍ သဘောပေါက်လိုပါက ဝိသုံဂါမ ဟူသောစကား၏ အဓိပ္ပာယ်ကိုရှေးဦးစွာ နားလည်ထားဖို့ အရေးကြီး၏။ ဝိသုံဂါမ- ဟူသည် မူလဂါမကြီးထဲမှ သီးခြားဂါမလေး (ရွာလေး) အဖြစ် ခွဲထုတ်ပြီး ပိုင်းခြားထားခြင်းတည်း။ ထို့ကြောင့် -

၁။ သိမ်သမုတ်ဖြစ်ရုံ ကံဆောင်ဖြစ်ရုံ
ပိုင်းခြားပေးသည်ဖြစ်စေ

၂။ အုပ်ချုပ်ရေးလွယ်ကူစေရန်
ပိုင်းခြားပေးသည်ဖြစ်စေ

မူလဂါမကြီးထဲမှ သီးခြားဂါမလေးတစ်ခုအဖြစ် ပိုင်းခြားပေးသမျှကို ဝိသုံဂါမ (သီးခြားရွာ) ဟုခေါ်၏။

၁။ ယမ္ပိ ဧကသ္မိံယေဝ ဂါမက္ခေတ္တေ စသော
မဟာဝါအဋ္ဌကထာ (နှာ-၃၃၃)

၂။ ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ-စသော
ဝိမတိဝိနောဒနီဋီကာ (နှာ-၂၂၄)

၃။ စတုဂါမသာခာရဏတ္တာတိ ဧဝံ ဝိဓေ ဝိဟာရေ သီမံ
ဗန္ဓန္တေဟိ စတ္တာရောပိ တေ ဂါမာ သောဓေ
တဗ္ဗာတိ ဝေဒိတဗ္ဗာ- ဝဇီရဗုဒ္ဓိဋီကာ (နှာ-၃၅၉)

ဤသို့စသော အဌကထာ ဋီကာတို့ကို ထောက်နိုင်၏။ ဤ၌ သီးခြားပိုင်းခြားထားသော ရပ်ကွက်များကို ဂါမအမည်ဖြင့် သုံးနှုန်းထားသည်ကိုလည်း သတိပြုပါ (ပညာရှိ သတိဖြစ်ခဲ) ဆိုသကဲ့သို့ ဤဋီကာလာ အဆိုအမိန့်ကို သတိမပြုမိသော အချို့ဆရာတော်များက ရပ်ကွက်ဟာ ရပ်ကွက်ပါဘဲ၊ ဂါမ-မဖြစ်နိုင်ဟု ပြောနေကြသောကြောင့်တည်း။ ရပ်ကွက်တစ်ခု၏ ဂါမ-တစ်ခု ဖြစ်နိုင်ပုံကို ညောင်လွန့်တောရ ဆရာတော်ကြီးများ၏ သီမာဝိနိစ္ဆယသိမ်ပုံကျမ်း၌ပါသည့် အောက်ပါ ဝိနိစ္ဆယကိုလည်း သတိပြု၍ ကြည့်ရှုသင့်လှပါ၏။

# ဂါမ မကွက်၍ တစ်မြို့လုံး သိမ်းရပုံ

✳ တစ်ခုသော နဂရမှာ အသီးအသီးသော ဘောဇက မြို့သူကြီးတို့ကို ခွဲခြား၍ ခန့်အပ်ခြင်းမပြုဘဲ တစ်ဦးတည်းသာဖြစ်သော ဘောဇကမြို့သူကြီးကို ခန့်အပ်သောကြောင့် ဂါမမကွက်ဘဲ နဂရသိမ် တစ်ခုတည်းသာရသည်။ (ထိုဌာကံဆောင်က တစ်မြို့လုံးသိမ်းရသည်)

# ဂါမကွက်သဖြင့် သီးခြားစီသိမ်းရပုံ

✳ တစ်ခုသော နဂရမှာ လေးဦးသော ဘောဇကမြို့သူကြီး တို့ကို အသီးအသီးခွဲခြား၍ ခန့်အပ်ထားသောကြောင့် ဘောဇက မြို့သူကြီးတို့အားလျော်စွာ ထိုတစ်ခုတစ်ခုသော နဂရ၌ အသီးအသီး ဂါမကွက်၍ ဖြစ်သည်။ ထိုအသီးအသီးကွက်၍ ရသော လေးခုသော ဂါမတို့တွင် မိမိ မိမိတို့ဂါမ၌ နယ်ပယ်ကို သိမ်း၍ ကံပြုခြင်းငှာ အပ်သည်။ ယမ္ပိ ဧကသ္မိံယေဝ ဂါမက္ခေတ္တေ-စသော မဟာဝါအဋ္ဌကထာ (နှာ-၃၃၃)ကို ထောက်။

ဤ၌ဂါမက္ခေတ္တေ-စသော စကားသည် ဥပလက္ခဏမျှသာ၊ ဥပလက္ခေတဗ္ဗအားဖြင့် နဂရ၊ နိဂမတို့ကိုလည်း ယူအပ်၏။ နဂရ နိဂမာသုပိ ဧသေဝ နယော- ကို ထောက်။

ထိုစကားမှန်၏။ ထိုတစ်ခုသော နဂရ၌ မင်းသည် ပိုင်းခြား မှတ်သား၍ တစ်စုံတစ်ယောက်သောသူအား ဝိသုံဂါမ မြေစား ပေးသနားအပ်သော အရပ်သည် ဝိသုံဂါမဖြစ်၏။ ဤသို့ဖြစ်ခဲ့သော် ထို တစ်ခုသော နဂရမှာ မင်းသည်ပင် ပိုင်းခြားဝေဖန်၍ အသီးအသီး သော ဘောဇကမြို့သူကြီးတို့ကို ခန့်အပ်ထားရာ၌ ထိုမြို့သူကြီးတို့

အားလျော်စွာ အသီးအသီးသော ဝိသုံဂါမ ဖြစ်သည်သာ-ဟူ၍ နိသံသယ ယုံကြည်စွာ မှတ်ယူရာ၏။ နိဂမ၌လည်း နည်းတူ။

## မျက်မှောက်ခေတ်အုပ်ချုပ်ပုံ

မျက်မှောက်ခေတ် မြန်မာနိုင်ငံတော် အုပ်ချုပ်ပုံကား ရပ်ကွက်နှင့် ကျေးရွာအုပ်စု (ရပ်/ကျေး) ဟူ၍ တောရွာ၌ရှိသော ကျေးရွာအုပ်စုနှင့် မြို့ပေါ်၌ရှိသော ရပ်ကွက်ကို အဆင့်တူ၊ အခွင့်အရေးတူ၊ အာဏာတူ၊ လုပ်ပိုင်ခွင့်တူ-အဖြစ်ဖြင့် ပိုင်းခြား သတ်မှတ်ထားသည်ကိုလည်း တွေ့ရ၏။ အနည်းငယ် ထူးသည်မှာကား ကျေးရွာများကို ကျေးရွာအုပ်စုဟု သုံးနှုန်းပြီး မြို့ပေါ်ရှိ ရပ်ကွက်ကိုကား- ရပ်ကွက်-ဟုသာ သုံးနှုန်းထားခြင်းဖြစ်၏။ ဤသို့လျှင် -

၁။ ရဟန်းမှိတင်းနေထိုင်ရာ ဂါမသည်ပင် ရဟန်းအတွက် ပကတိဂါမသိမ်ဖြစ်ခြင်း

၂။ ရပ်ကွက်တစ်ခုကိုပင် အဋ္ဌကထာ၊ ဋီကာ ဝိနိစ္ဆယတို့၌ ဂါမတစ်ခု အဖြစ်ဖြင့် သုံးနှုန်းခြင်း

၃။ တောရွာ၌ ကျေးရွာအုပ်စု ဖြစ်သော်လည်း မြို့၌ကား ရပ်ကွက်-ဟုသာသုံးနှုန်းထားခြင်းတို့ကြောင့် -

မြို့ပေါ်၌ နယ်သိမ်းသိမ် သမုတ်သောအခါ ရယကတစ်ပိုင် ဟူသော (ဂါမ) ရပ်ကွက်ကြီးကိုသာ သိမ်း၍ သမုတ်တော်မူကြခြင်း ဖြစ်၏။

ဤသို့သော အကြောင်းများကို ထောက်၍ တောရွာ၌ ဂါမ တစ်ခုကိုသာ သိမ်း၍ မြို့၌လည်း ရပ်ကွက်ကြီး တစ်ခုဟူသော ဂါမတစ်ခုကိုသာ သိမ်းရခြင်း၌ သဘောပေါက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

## (ဂ) သူကြီးတစ်ပိုင်အတွင်းရှိရပ်ကွက်လေးတစ်ခု လောက်သာ သိမ်းရမည်ဆိုသောဝါဒ

ဤဝါဒကို သဘောပေါက်လိုပါက အောက်ပါ အဋ္ဌကထာ ပါဠ်ကို အနက်နှင့်တကွ ရှေးဦးစွာ လေ့လာဆန်းစစ်ကြည့်ရန် အကြံ ပြုလိုပါသည်။

* ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ

* တတ္ထ ယတ္ထကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ၊ နဂရ နိဂမာသုပိ ဧသေဝနယော။

(အနက်ပေး) စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤဂါမနိဂမ နှစ်မျိုးတို့တွင်။ ဂါမဂ္ဂဟဏေန၊ ဂါမသဒ္ဒါဖြင့်။ နဂရမ္ပိ၊ နဂရကိုလည်း ဂဟိတမေဝ၊ ယူအပ်ပြီးမည်တော့သည်သာ။ ဟောတိ၊ ၏။

တတ္ထ၊ ထိုသီမအသမ္မတ အဋ္ဌပိတ ဖြစ်ကုန်သော ဂါမပ္ပဒေသ ရပ်ကွက်တို့တွင်။ ယတ္ထကေ၊ အကြင်မျှလောက်သော။ ပဒေသေ၊ ရပ်ကွက်၌။ တဿတဿဂါမဿ၊ ထိုထိုရွာ၏။ ဘောဇကာ၊ အခွန်စား သူကြီးတို့သည်။ ဗလိံ၊ အခွန်ကို။ လဘန္တိ၊ များသောအားဖြင့် ရကုန်၏။ သောပဒေသော၊ ဂါမဘောဇကတို့၏ အခွန်ရယူရာ ထိုရပ်ကွက်သည် အပ္ပေါဝါ၊ နည်းနည်းကျဉ်းကျဉ်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တောဝါ-များများစားစားကြီးကြီးကျယ်ကျယ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဂါမသီမာတွေဝ၊ ဂါမသိမ် (ဂါမအပိုင်းအခြား) ဟူ၍ သာလျှင်။ သင်္ချံ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ (ဤကား ပခုက္ကူ ဆရာတော်ကြီး အရှင်ပညာ

မဟာထေရ်၏ သိမာဝိနိစ္ဆယ-ကျမ်း၌ ပေးထားသော အနက်တည်း)

<u>ပိဏ္ဍာတ္တအမိပ္ပာယ်</u> ။ ထိုထိုရွာ၏ သူကြီးတို့ အခွန်ကောက်ယူရာ ရပ်ကွက်သည် ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ရွာတစ်ရွာ (ဂါမ တစ်ခု) ဖြစ်၏။

ကျေးရွာ၌ဖြစ်စေ မြို့ပေါ်၌ဖြစ်စေ အပိုင်းအခြားရှိသော လူနေရပ်ကွက်တစ်ခု၌ သက်ဆိုင်ရာ သူကြီးတို့က အခွန်လာရောက်ကောက်ယူပါက ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ထိုရပ်ကွက်သည် ထိုအခွန်ကောက်ယူသော သူကြီးပိုင် ရွာတစ်ရွာ (ဂါမ တစ်ခု) ဖြစ်တော့၏ဟု ဆိုလိုရင်း ဖြစ်၏။

ဤစကားကို ထောက်ပြီး ဆက်လက် စဉ်းစားပါက သူကြီးတစ်ပိုင်အတွင်း၌ လေးရပ်ကွက်ရှိပြီး အခွန်လည်းကောက်ယူမည်ဆိုလျှင် လေးရွာဖြစ်၏။ ငါးရပ်ကွက်ရှိလျှင် ထို့အတူ ငါးရွာဖြစ်၏-ဟု ဆိုရာရောက်၏။ ဂါမသီမာတွေ့ဝသဉ္ဇ်ဂစ္ဆတိ-ကိုထောက်။

ဤ၌ အခွန်ကောက်ဆိုသဖြင့် ရာဇ ရာဇဘောဂ္ဂတို့က အသိအမှတ်ပြုပြီးဟု ဆိုရာလည်းရောက်၏။ ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါဟိ-စသော ဋီကာနှင့်လည်းအညီတည်း။ အပွေါ ဝါ ဟောတုမဟန္တော ဝါ-ဖြင့် ဗဒ္ဓသိမ်၌ အငယ်ဆုံးမှာ ရဟန်း ၂၁-ပါးနေလောက်ရုံ၊ အကြီးဆုံးမှာ သုံးယူဇနာဖြစ်သော်လည်း ဤအဗဒ္ဓ ဂါမသိမ်၌ကား တစ်အိမ်သာရှိသော်လည်း ဂါမတစ်ခုပါဘဲဟု ဆိုရာရောက်၏။

ထို့ကြောင့် -

၁။ မြို့ပေါ်ရှိရပ်ကွက်များကို ရပ်ကွက်အုပ်စု-ဟု တိုက်ရိုက်သုံးနှုန်းထားသည်ကို မတွေ့ရသော်လည်း ရယက တစ်ပိုင်အတွင်း၌ ရာပိုင်-၁၊ ရာပိုင်-၂ စသည်ဖြင့်လည်းကောင်း၊ အခြားအမည်နာမ အမျိုးမျိုးဖြင့်

လည်းကောင်း၊ ဒေသအလျောက် ခေါ်ဝေါ်ပညတ် သတ်မှတ်သုံးစွဲထားသော ရပ်ကွက်လေးများကို တွေ့နေရသဖြင့် မြို့ပေါ်၌လည်း ရပ်ကွက်အုပ်စုဖြစ်နေခြင်း။

၂။ အဋ္ဌကထာဆရာကြီးကိုယ်တိုင်ကပင် အခွန်ကောက်ယူရာ ရပ်ကွက်လေးတစ်ခုကို ဂါမတစ်ခုအဖြစ် ခွင့်ပြုခဲ့ခြင်း

၃။ မြတ်စွာဘုရားသည် အခွန်သီးကို အဓိကမထား နယ်သီးကိုသာ အဓိကထားခြင်း (ဂါမတစ်ခုဖြစ်ဖို့သာ အဓိက၊ အခွန်ကောက်ခြင်းမှာ အဓိကမဟုတ်ဟု ဆိုလိုသည်၊ ဂါမံ ဝါ နိဂမံ ဝါ-စသည်ကိုထောက်)

ဤအကြောင်းများကြောင့် ဤတတိယဝါဒဖြစ်ပေါ်လာရခြင်းဖြစ်၏။

ဤတတိယဝါဒနှင့် ပတ်သက်၍ သိမ်အဆုံးအဖြတ်၌ အလွန်ကျွမ်းကျင်၏ဟု အသိအမှတ်ပြုခြင်းခံရသော အဂ္ဂမဟာပဏ္ဍိတ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးတစ်ပါးအား လျှောက်ထားဘူးရာ ဆရာတော်ကြီးက -

* မြို့ပေါ်မှာ ရပ်ကွက်လေးတစ်ခုလောက်သာ သိမ်းလျှင်ဖြစ်နိုင်တယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် ရပ်ကွက်လေးတိုင်းတော့ မဟုတ်ဘူး။ ဆိုင်ရာ ရဃက ရုံး မြေပုံ၌ပါသော ရပ်ကွက်လေးကိုသာ ဆိုလိုသည်ဟု မိန့်တော်မူ၏။ ထို့ကြောင့် -

၁။ သက်ဆိုင်ရာသူကြီးတို့က အခွန်ကောက်ယူခြင်း

၂။ သက်ဆိုင်ရာ ရယကမြေပုံ၌ပါသော ရပ်ကွက်လေးဖြစ်ခြင်း

ဟူသော အင်္ဂါနှစ်ချက်ညီသော ရပ်ကွက်လေးများကိုသာ သိမ်း၍ သိမ်သမုတ်နိုင်၏ ဟု မှတ်ပါ။

## တောင်းပန်ချက်

သုတေသီပုဂ္ဂိုလ်တို့ သုတေသနပြုနိုင်ရန်အတွက် တတိယဝါဒကို တင်ပြလိုက်ခြင်းဖြစ်ပါ၏။ မိမိကိုယ်တိုင်ကား ဒုတိယဝါဒကိုသာ အသုံးပြုပါ၏။

ဝိနည်းအရာဝယ် အများသံသယဖြစ်ဖွယ်ရှိသော အယူအဆများကို ရှောင်ရှားခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသတည်း။

ယုတ္တာယုတ္တံ ဝိစာရေတွာ
ယုတ္တံ ဂဏှေယျ ပဏ္ဍိတော။

# ပကတိဂါမသက်ရဒေါသဝိနိစ္ဆယ

(က) တသ္မာ သာ စ ဣတရာ စ ပကတိဂါမ နဂရ နိဂမသီမာ ဗဒ္ဓသီမာ သဒိသာယေဝ ဟောန္တိ။
(ကေဝလံ ပန တိစီဝရ ဝိပ္ပဝါသ ပရိဟာရံ နလဘန္တိ)
(မဟာဝါ-၄၊ နှာ-၃၃၃)

(ခ) * သစေ အညာနိပိ ဂါမခေတ္တာနိ အန္တော ကတွာ (ကာတု) ကာမာ တေသု ဂါမေသု ယေဘိက္ခူ ဝသန္တိ တေဟိ ပိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ။
* မဟာပဒုမတ္ထေရော ပန နာနာဂါမခေတ္တာနိ နာမ ပါဋေက္ကံ ဗဒ္ဓသဒိသာနိ၊ န တတော ဆန္ဒ ပါရိသုဒ္ဓိ အာဂစ္ဆတိ။ အန္တော နိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗန္တိ ဝတွာ။
* ပုန အာဟ သမာနသံဝါသက သီမာ သမ္မန္နန ကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ အဝိပ္ပဝါသသီမာ သမ္မန္နနကာလေ ပန အန္တော နိမိတ္တဂတေဟိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ။
(မဟာဝါ- ၄၊ ၃၂၃)

က=ဝါကျ၌ သာစ၊ ထိုဝိသုံဂါမသိမ်သည်လည်းကောင်း။ ဣတရာ၊ ဤဝိသုံဂါမမှ တပါးကုန်သော။ ပကတိဂါမ နဂရ နိဂမ သီမာစ၊ ပကတိဂါမသိမ် နဂရသိမ် နိဂမသိမ်တို့သည်လည်းကောင်း။ ဗဒ္ဓသီမာသဒိသာယေဝ၊ ဗဒ္ဓသိမ်နှင့် တူကုန်သည်သာတည်း။ (ကြွင်းသောပုဒ်တို့ကား အနက်လွယ်ပြီ)

က=ဝါကျဖြင့် ကမ္မဝါစာဖြင့် ဖွဲ့သမုတ်အပ်သော ဗဒ္ဓသိမ်၌ ကံကြီးကံငယ်ဆောင်၍ ဖြစ်သကဲ့သို့ အစိုးရတို့က သီးခြား ပိုင်းခြား ပေးသော ဝိသုံဂါမ၌လည်းကောင်း၊ ပကတိဂါမ နဂရ နိဂမတို့၌ လည်းကောင်း ကံကြီးကံငယ် ဆောင်နိုင်ကုန်၏။ ဗဒ္ဓသိမ်နှင့် အဗဒ္ဓ သိမ်တို့ ကံဆောင်၍ ဖြစ်နိုင်ပုံခြင်း တူကြ၏-ဟု ပြ၏။

ထို့ကြောင့် ဝိမတိ ဝိနောဒနီ ဋီကာ၌-ယထာ ဗဒ္ဓသီမာယ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ ဧဝမေတာပိ သဗ္ဗကမ္မာရဟတာ သဒိသေန ဗဒ္ဓသီမာ သဒိသာ။ သာ သမာနသံဝါသာ ဧကုပေါသထာတိ အဓိပ္ပာယော။ ဟုလည်းကောင်း၊ သာ စ ဣတရာ စာတိအာဒိ သမာနသံဝါသာ ဧကုပေါသထာတိ ပါဠိပဒဿ အဓိပ္ပာယ ဝိဝရဏံ-ဟုလည်းကောင်း ဖွင့်ဆိုတော်မူ၏။

ခ = ဝါကျ၌ (က)ရွာ၊ (ခ)ရွာ ဟူသော ရွာကြီးနှစ်ရွာကို ပေါင်းပြီး နိမိတ်ထားပြီး (က)ရွာကနေ မဟာသိမ် သမုတ်မည်ဖြစ်ရာ (ခ)ရွာ၌ ရှိသော သံဃာကို သိမ်းသင့် မသိမ်းသင့်နှင့် ပတ်သက်၍ မဟာသုမထေရ်၏ဝါဒ၊ မဟာပဒုမထေရ်၏ဝါဒ-ဟု ဝါဒနှစ်မျိုး ကွဲပြားခဲ့၏။

မဟာသုမထေရ်က ရွာနှစ်ရွာလုံးကို ပေါင်းပြီး နိမိတ်ထားပြီး (က)ရွာကနေ သမုတ်ရာ၌ (ခ)ရွာရှိ သံဃာကို သိမ်းရမည်ဟု ဆို၏။ မဟာပဒုမထေရ်ကမူ နာနာဂါမခေတ်တို့သည် အသီးအသီး ဗဒ္ဓသိမ် နှင့် တူကြ၍ တစ်ရွာက ပေးသော ဆန္ဒသည် တစ်ရွာသို့ မရောက်။

နှစ်ရွာပေါင်းပြီး (က)ရွာကနေ မဟာသိမ် သမုတ်ရာ၌ (ခ)ရွာက သံဃာများ ဆန္ဒပေးလည်း ပေးရာမရောက်၍ နှစ်ရွာ ခြုံမိအောင် နိမိတ်ထား နိမိတ်ကြား၊ သမုတ်သောအခါ (က)ရွာ၌ သမာနသံဝါသကသိမ် သမုတ်စဉ် (ခ)ရွာက သံဃာများ (က)ရွာ

သိမ်သမုတ်ရာသို့ ဟတ္ထပါသ်စပ်မိအောင်မလာလည်း (သိမ်ကွဲပြားခြားနားနေ၍) ကံမပျက် ကံအောင်၏။

ထပ်၍ အဝိပ္ပဝါသသိမ် သမုတ်ရာ၌ကား နိမိတ်အတွင်းရှိ (က)(ခ)နှစ်ရွာလုံး တစ်သိမ်တည်း ဖြစ်သွားပြီဖြစ်၍ မလာလို့ မဖြစ်တော့၊ ဟတ္ထပါသ်စပ်မိအောင် သိမ်သမုတ်ရာသို့ လာရမည် ဖြစ်၏။ မလာနိုင်သူက (တစ်သိမ်တည်းဖြစ်၍) ဆန္ဒပေးရမည်ဟု ဆိုလို၏။

က=ဝါကျ၌ ဗဒ္ဓသီမာ သဒိသာယေ၀ ဟောန္တိ။ ခ=ဝါကျ၌ နာနာဂါမ ခေတ္တာနိနာမ ပါဠေ့က္ကံ ဗဒ္ဓသဒိသာနိ- စသော စကားတို့ကို ထောက်၍ ဗဒ္ဓသိမ်တို့၌ သီမာသမ္ဘေဒ သီမအဇ္ဈောတ္ထရဏ မဖြစ်အောင် စောင့်ရှောက်ရသကဲ့သို့ ပကတိဂါမ၌လည်း အချင်းချင်း သီမာသမ္ဘေဒ သီမအဇ္ဈောတ္ထရဏ မဖြစ်အောင် စောင့်ရှောက်ရမည်။ တစ်ရွာနှင့် တစ်ရွာ သစ်ပင်သစ်ကိုင်းချင်း ထိနေခဲ့သော်လည်းကောင်း၊ နှစ်ရွာအစပ်၌ အိမ်စသည် ဆောက်ထားခဲ့သော်လည်းကောင်း၊ တစ်ရွာနှင့်တစ်ရွာ ကြေးနန်းကြိုး ဆက်သွယ် ကူးယှက်နေခဲ့သော်လည်းကောင်း နယ်သိမ်း၍ သိမ်မသမုတ်ကောင်းဟု ယူဆကြခြင်းဖြစ်၏။

ဤသို့ဆိုလျှင် တော၌ဖြစ်စေ၊ မြို့၌ဖြစ်စေ နယ်သိမ်း၍ သိမ်သမုတ်ရန် လုံး၀မဖြစ်နိုင်တော့။ နယ်သိမ်းသမုတ်ပြီး သိမ်များလည်း ဝိပတ္တိသိမ်များဟုသာ ပြောကြရတော့မည်ဖြစ်၏။ အကြောင်းကား တော၌တစ်ရွာနှင့်တစ်ရွာ၊ မြို့၌ ရပ်ကွက်တစ်ခုနှင့် တစ်ခု ဆိုခဲ့ပြီးသော ဆက်စပ်မှုများ လုံး၀မကင်းသောကြောင့်တည်း။ အမှန်မှာ အဋ္ဌကထာဆရာ၏ ဆိုလိုရင်းကား ဤအတိုင်း မဟုတ်နိုင် ဗဒ္ဓသိမ်၌ ကံကြီးကံငယ် ဆောင်နိုင်သလို ဂါမခေတ် ဂါမသိမ်များ၌

လည်း ကံကြီးငံငယ်ဆောင်နိုင်၏ ကံဆောင်၍ ဖြစ်နိုင်ပုံခြင်း တူ၏-ဟုသာ ဆိုလိုရင်းဖြစ်၏။ ဤအဓိပ္ပာယ်ကိုလည်း ဝိမတိက ပြဆိုထား၏။

တကယ်တော့ နယ်သိမ်းသိမ်သမုတ်ခြင်းသည် ဘုရားရှင်အလိုတော်ကျ ပါဠိတော်နည်းဖြစ်ပြီး ဝိသုံဂါမ တောင်းခံ၍ သမုတ်ခြင်းကား အဋ္ဌကထာဆရာအလိုကျ ဖွင့်ပြသောနည်းဖြစ်၏။ နယ်သိမ်း သမုတ်ရာ၌ အကယ်၍ ရွာပေါင်းတစ်ရာ ဆက်စပ်နေပါက ရွာပေါင်းတစ်ရာအတွင်း သံဃာသိမ်းနိုင်မှ နယ်သိမ်းသိမ်ဖြစ်တော့မလို ဖြစ်နေ၏။ ဤနေရာ၌ ဤပြဿနာ ရှင်းအောင် သဘာဂ ဝိသဘာဂ သိမ်တို့ကို အောက်ပါအတိုင်း လေ့လာကြည့်ရန်လိုအပ်ပါ၏။

## သဘာဂသိမ်များ

၁။ ဂါမသိမ်အချင်းချင်း

၂။ ဂါမသိမ်နှင့် ဗဒ္ဓသိမ်

၃။ နဒီသိမ်နှင့် ဥဒကုက္ခေပသိမ်

၄။ အရညသိမ်နှင့် သတ္တဗ္ဘန္တရသိမ်

အဆိုပါသိမ်တို့သည် သဘာဂသိမ် (ဝါ) အချင်းချင်း စပ်ကောင်းသော သိမ်တို့မည်ကုန်၏။

## ဝိသဘာဂသိမ်များ

၁။ ဗဒ္ဓသိမ်အချင်းချင်း

၂။ ဥဒကုက္ခေပ သိမ်အချင်းချင်း

၃။ သတ္တဗ္ဘန္တရသိမ် အချင်းချင်း

၄။ ဗဒ္ဓသိမ်နှင့် ဥဒကုက္ခေပသိမ်

၅။ ဗဒ္ဓသိမ်နှင့် သတ္တဗ္ဘန္တရသိမ်

၆။ ဂါမသိမ်နှင့် ဥဒကုက္ခေပသိမ်

၇။ ဥဒကုက္ခေပသိမ်နှင့် သတ္တဗ္ဘန္တရသိမ်

အဆိုပါသိမ်တို့သည် ဝိသဘာဂသိမ် (ဝါ) မစပ်ကောင်းသော သိမ်တို့ မည်ကုန်၏။

# နိဿယ နိဿိတသိမ်များ

၁။ ဂါမသိမ်
၂။ အရညသိမ်
၃။ နဒီသိမ်
၄။ သမုဒ္ဒသိမ်
၅။ ဇာတဿရသိမ်
၆။ ဗဒ္ဓသိမ်
၇။ သတ္တဗ္ဘန္တရသိမ်
၈။ ဥဒကုက္ခေပသိမ်

အားဖြင့် ရှစ်မျိုးတို့တွင် ဂါမ အရည နဒီ သမုဒ္ဒ ဇာတဿရ ငါးလုံးတို့သည် မှီရာ နိဿယသိမ်ဖြစ်ကုန်၏။ ဗဒ္ဓသိမ် သတ္တဗ္ဘန္တရသိမ် ဥဒကုက္ခေပသိမ် သုံးလုံးတို့ကား မှီတတ်သော နိဿိတသိမ်တို့ ဖြစ်ကုန်၏။

အရညသိမ်ကို ✳ အရညမ္ပိ ဗဒ္ဓသီမာယခေတ္တမေဝါတိ ဂဟေတဗ္ဗံ-ဟူသော (ဝိမတိ ၂-၁၆၇) အရ ဗဒ္ဓသိမ်၏ မှီရာ နိဿယအဖြစ် ယူအပ်၏။ (တောကြီး၌လည်း ဗဒ္ဓသိမ် သမုတ်ကောင်း၏ ဟူလို)

ဤအရာ၌ "လောကဝေါဟာရသိဒ္ဓါနဉ္စ လောကဝေါဟာရတောဝ သမ္ဘေဒေါ ဝါ အသမ္ဘေဒေါ ဝါ ဂဟေတဗ္ဗော၊ နာညတော ဟူသော (ဝိမတိ-၂၊ ၁၆၇) အရ ဆိုလျှင် စပ်ခြင်း မစပ်ခြင်းဟူသော စကားသည် လောကဝေါဟာရအားဖြင့် ပြီးသောကြောင့် လောကဝေါဟာရအားဖြင့်သာလျှင် စပ်သည် မစပ်သည်၏ အဖြစ်ကို မှတ်အပ်၏။

ထိုသို့ ပကတိဂါမသိမ် တစ်ခုနှင့်တစ်ခု ဆက်စပ်သည်ဟူ

သော လောကဝေါဟာရ မရှိသောကြောင့် လောကဝေါဟာရ အားဖြင့် ပြီးကုန်သော နိဿယ သိမ် (၅) လုံးတို့သည် အချင်းချင်း သစ်ပင်သစ်ကိုင်း လူနေအိမ်စသည်တို့ဖြင့် ဆက်စပ်ကုန်သော်လည်း သမ္ဘေဒ ဒေါသ မရောက်ဟု မှတ်ရမည်ဖြစ်၏။ ထို့ကြောင့် (ဝိမတိ ၂-၁၆၅) ၌ -

* သာပနေတာ လောကဝေါဟာရ သိဒ္ဓါ ဂါမာ ရည နဒီ သမုဒ္ဒ ဇာတဿရ သီမာ ပဥ္စ တာ အညမညရုက္ခာဒိ သမ္ဗန္ဓေပိ သမ္ဘေဒဒေါသံ နာပဇ္ဇတိ။ တထာ လောက ဝေါဟာရာဘာဝတော။ န ဟိ ဂါမာဒယော ဂါမန္တရာ ဒီဟိ နဒီအာဒီဟိ စ ရုက္ခာဒိသမ္ဗန္ဓ မတ္တေန လောကေ ဝေါဟရန္တိ။ ဟု ဖွင့်ဆိုတော်မူ၏။

နိဿိတဖြစ်သော ဗဒ္ဓသိမ် သတ္တဗ္ဘန္တရသိမ် ဥဒကုက္ခေပသိမ် သုံးမျိုးတို့ကား အချင်းချင်းလည်းကောင်း၊ မိမိ၏ နိဿယ မဟုတ်ဘဲ အခြားအခြား သိမ်တို့၏ နိဿယသိမ်တို့နှင့်လည်းကောင်း သစ်ပင် သစ်ကိုင်းစသည် ဆက်စပ်ပါက သီမာသမ္ဘေဒဖြစ်၏။ ထို့ကြောင့် (ဝိမတိ ၂-၁၆၄) ၌ -

* ဧဝမေတာ ဘဂဝတာ အနုညာတာ ဗဒ္ဓသီမာ သတ္တဗ္ဘန္တရ ဥဒကုက္ခေပသီမာ အညမညဥ္စေဝ အတ္တနော နိဿယ ဝိရဟိတာဟိ ဣတရီတရာသံ နိဿယသီမာဟိ စ ရုက္ခာဒိသမ္ဗန္ဓေ သတိ သမ္ဘေဒဒေါသံ မာပဇ္ဇတီတိ သုတ္တာနုလောမနယော ဉာတဗ္ဗော။

ဟု ဖွင့်ဆိုတော်မူ၏။

ဤမျှ အဋ္ဌကထာ ဋီကာတို့ကို လေ့လာကြည့်ပါက ဗဒ္ဓသိမ်၌ သီမာသင့်ကရှိသော်လည်း ဂါမသိမ်၌ သင်္ကရဒေါသ မရှိ။ ရပ်ကွက်တစ်ခုနှင့် တစ်ခု ရွာတစ်ရွာနှင့်တစ်ရွာ သစ်ပင်စသည် ဆက်စပ်သော်လည်း သင်္ကရဒေါသ မရှိဟု မှတ်ပါ။

## သုံးသပ်ပြချက်

အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ၊ သာ တဿ ဂါမဿ ဝါ ဂါမ သီမာ နိဂမဿ ဝါ နိဂမသီမာ အယံ တတ္ထ သမာနသံဝါသာ ဧကုပေါသထာ-ဟူသော ဝိနည်း မဟာဝါပါဠိတော် (စာမျက်နှာ ၁၅၀) အရ ရဟန်းတော်များအတွက် ဆိုင်ရာ အရပ်ဒေသ၌ သမုတ်ပြီးသား ဗဒ္ဓသိမ် အဆင့်သင့် မရှိပါက ရဟန်းမှီတင်းနေထိုင်ရာ ရွာသည်ပင် ဂါမသိမ်၊ နိဂုံးသည်ပင် နိဂမသိမ်ဖြစ်၍ ယင်းဂါမသိမ် နိဂမသိမ်တို့၌ ဝဂ္ဂဘေဒမဖြစ်အောင် သံဃာသိမ်းပြီး ကံကြီးကံငယ်တို့ကို ပြုနိုင်၏။ ဗဒ္ဓသိမ်နှင့် အတူတူ ဖြစ်၏ဟု ဆိုလိုသည်။

ဤ ဗဒ္ဓသိမ်နှင့် အတူတူဖြစ်၏ဟူသော စကား၌ ဗဒ္ဓသိမ် တစ်လုံးနှင့် တစ်လုံး သစ်ပင်သစ်ကိုင်းစသည် ဆက်စပ်ခဲ့သော် သီမာသမ္ဘေဒ ဖြစ်သကဲ့သို့ ပကတိဂါမ တစ်ခုနှင့်တစ်ခု သစ်ပင်သစ်ကိုင်းစသည် ဆက်စပ်ခဲ့သော် သီမာသမ္ဘေဒ ဖြစ်၏ဟု ဆိုလိုသည်မဟုတ်။ ဗဒ္ဓသိမ်၌ ကံကြီးကံငယ် ဆောင်၍ ဖြစ်သလို ပကတိဂါမ၌လည်း ကံကြီးကံငယ် ဆောင်လို့ ဖြစ်၏ဟု ပြလိုရင်းသာ ဖြစ်၏။

ထို့ကြောင့် (ဝိမတိ-၂၊ ၁၅၇) ၌ ဗဒ္ဓသီမာယ စသည် ဖြင့် အတိအလင်း ပြဆိုထား၏။ ဤကား ဂါမတစ်ခုနှင့်တစ်ခု ရပ်ကွက်တစ်ခုနှင့် တစ်ခု သင်္ကရဒေါသ မရှိပုံ အာဂမယုတ္တိ ဖြစ်၏။

သဘာဝယုတ္တိကို ပြဆိုပါဦးမည်။ ယခုခေတ်၌ အသိများ၍ အသုံးပြုနေကြသော သိမ်သည် ဂါမသိမ် ရေသိမ် ဗဒ္ဓသိမ်ဟု သုံးမျိုးရှိ၏။ ထိုတွင် ဤ၌ဂါမနှင့် ဗဒ္ဓကိုသာ အဓိကထား၍ ရေးရမည်ဖြစ်၏။ အင်္ဂါညီပြီး စစ်မှန်သော ဗဒ္ဓသိမ်တစ်လုံးဖြစ်ပေါ်လာဖို့ရန် အတော် ကြိုးစားရမည်ဖြစ်၏။ ပေါ့ပေါ့တန်တန် ပြုလုပ်၍ မဖြစ်ပါ။ ဝိနယဂရုကဝိနယပါရဂူကြီးများ၏ အရာသာ ဖြစ်သောကြောင့်ပါတည်း။

ရဟန်းတော်များ အရေးတကြီး ကံဆောင်ရာ၌ သမုတ်ပြီး ဗဒ္ဓသိမ်မရှိခဲ့လျှင် မိမိနေထိုင်ရာ ရွာသည်ပင် မိမိအတွက် ဂါမသိမ်ဖြစ်၍ ထိုရွာအတွင်း သံဃာသိမ်းပြီး ကံကြီးကံငယ် ဆောင်နိုင်၏ဟု ခက်ခဲသော ဗဒ္ဓသိမ် မရှိသေးသော ရဟန်းတော်များအတွက် အလွယ်တကူ ကံဆောင်နိုင်ရန် ဂါမသိမ်ကို ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်ပါ၏ (ဆိုခဲ့ပြီးသော အသမ္မတာယ ဘိက္ခဝေ သီမာယ အဌပိတာယ-စသော မဟာဝါပါဠိတော်ကိုပင်ထောက်)

ထိုကဲ့သို့ အလွယ်တကူ ကံဆောင်နိုင်ရန် ခွင့်ပြုခဲ့သော ဂါမသိမ်၌ သံဃာသိမ်းရုံတွင် မကဘဲ ဂါမသက်ရပါ ရှောင်ရမည်ဆိုပါက နှစ်ရွာဆက်နေလျှင် နှစ်ရွာအတွင်း သံဃာကိုသိမ်း၊ သုံးရွာဆက်နေလျှင် သုံးရွာအတွင်း သံဃာကိုသိမ်း၊ ရွာတစ်ရာဆက်နေလျှင် ရွာတစ်ရာအတွင်း သံဃာကိုသိမ်း၊ မသိမ်းနိုင်လျှင် ဆက်စပ်နေသော သစ်ပင် သစ်ကိုင်း အိမ် စသည်တို့ကို ဖယ်ရှားပြီးမှ ကံပြုရမည် ဖြစ်၏။

ထိုကဲ့သို့ကော သိမ်းနိုင်ပါမည်လော၊ ဆက်စပ်နေသော သစ်ပင်သစ်ကိုင်း အိမ်စသော သူတပါး ပစ္စည်းများကိုကော အတင်းအဓမ္မ ဖယ်ခိုင်း ဖျက်ခိုင်း၍ ဖြစ်နိုင်မည်လော စဉ်းစားရမည် ဖြစ်၏။

နောက်တစ်ခု စဉ်းစားစရာကား ကံကြီးကံငယ် ဆောင်ခြင်းနှင့်ပတ်သက်၍ ဂါမနှင့် ဗဒ္ဓသိမ်တို့သည် ကံအောင်မြင်ပုံခြင်း အတူတူဖြစ်၏ဟူသော အဋ္ဌကထာစကား အရလည်းကောင်း ဆိုခဲ့ပြီးသော ပါဠိတော်အရလည်းကောင်း ဂါမတစ်ခုသည် ဗဒ္ဓသိမ် တစ်လုံးနှင့် ညီမျှ၍ သိမ်တစ်ခုဖြစ်၏။ ဗဒ္ဓသိမ်တစ်လုံးမှ ပေးသော ဆန္ဒသည် အခြား ဗဒ္ဓသိမ်တစ်လုံးသို့ မရောက်သကဲ့သို့ ဂါမများစွာ၌ ရှိသော သံဃာကို မသိမ်းနိုင်၍ ဆက်စပ်သော သစ်ပင်သစ်ကိုင်း စသည်တို့ကိုလည်း မဖယ်ရှားနိုင်၍ ဂါမများစွာ၌ ရှိသော သံဃာတို့၏ ဆန္ဒကို တောင်းလျှင်ကော ထိုဆန္ဒကား သိမ်သမုတ်မည့် ဂါမ၌ ရှိသော သံဃာတို့ထံ ရောက်ပါမည်လော (နာနာဂါမသည် နာနာသီမ ဖြစ်နေသောကြောင့်တည်း)

ဤသို့ ဂါမ တစ်ခုနှင့်တစ်ခု သက်ရဒေါသကို ထည့်သွင်း စဉ်းစားနေပါက လွယ်လွယ်နှင့် ကံပြုနိုင်ရန် ဗုဒ္ဓမြတ်စွာကိုယ်တော် တိုင် ခွင့်ပြုထားသော ဂါမ၌ လွယ်လွယ်နှင့်လည်း ဘာလုပ်လို့မှ မဖြစ်၊ ခက်ခက်ခဲခဲနှင့်လည်း ဘာလုပ်တို့မှ မဖြစ်တော့ပေ။

မေး။ ။ အပြင်မှလာသော မီးကြိုး ဖုန်းကြိုး ရေပိုက်စသည်တို့သည် ဗဒ္ဓသိမ်နှင့် ဆက်စပ်ပါက အပ်ပါမည် လော။

ဖြေ။ ။ ဗဒ္ဓသိမ်ဟောင်း မရှိသော အနီးအနား မြေပေါ်မှလာသော မီးကြိုးစသည်တို့သည် အပြစ်မရှိ။ အခြား ဗဒ္ဓသိမ်တို့နှင့် ဆက်စပ်နေသော မီးကြိုးစသည်တို့ကား မိမိတို့ ဗဒ္ဓသိမ်နှင့် ထိစပ်ခဲ့သော် သီမာသမ္ဘေဒဒေါသဖြစ်၏။ သစ်မြစ်သစ် ကိုင်းစသည်လည်း ထို့အတူ အခြားသိမ်မှ လာသော သစ်မြစ်သစ်ကိုင်းသည် မိမိတို့ သိမ်နှင့် ဆက်စပ်ခဲ့သော်

သီမာသမ္ဘေဒ ဖြစ်၏။ အခြားသိမ်တို့ သံဃာများကို သိမ်းနိုင်လျှင်ကား အပြစ်မရှိ သို့မဟုတ် ဝဂ္ဂဘေဒဖြစ်၍ ကံပျက်၏။

ထိုသစ်မြစ်သစ်ကိုင်းစသည်တို့သည် ပကတိမျက်စိဖြင့် မမြင်ရဘဲ မြေထဲမှလာလျှင် အပြစ်မရှိ၊ မြင်လောက်ပါမူကား ဝဂ္ဂဘေဒဖြစ်၏။ မီးကြိုးစသည်တို့ကား မြေကြီးထဲမှလာသည့်တိုင် အောင် သိမ်အတွင်းရောက်လျှင် မြင်ရသည်သာ ဖြစ်သောကြောင့် မအပ်သည်သာတည်း။ အကယ်၍ သိမ်သို့သွယ်တန်းထားသော လျှပ်စစ်ကြိုးများကို ကံဆောင်ကာနီးမှ ဖြုတ်သိမ်း ဖြုတ်တောက်ထား မည်ဆိုပါက အပ်ပါ၏။

* ဥပရိ ဒိဿမာန ခန္ဓသာခါဒိ ပဝေသနေ ဧဝ သင်္ကရဒေါသဿ သဗ္ဗတ္ထ ဒဿိတတ္တာ အဒိဿမာနာနံ မူလာနံ ပဝေသေ ပိ ဘူမိဂတိကတ္တာ ဒေါသော နတ္ထီတိ သိဇ္ဈတိ (ဝိမတိနောဒနီ)

မေး ။ ။ သိမ်သမုတ်မည့် ရပ်ကွက်ကျေးရွာများ၌ ဓာတ်တိုင်၊ ဖုန်းတိုင်များရှိလျှင် အပ်ပါမည်လော။

ဖြေ ။ ။ သီမဌသိမ်၏ သဘောသည် ဘူမိနှင့် ဘူမိဂတိကသို့ လုံးဝမလိုက်သောကြောင့် သမုတ်မည့် နေရာနှင့် သိမ်တစ်လုံးစာလောက် ဝေးကွာလျှင်ပင် အပ်ပါသည်။

ရှင်းလင်းချက်။ ။ ဗဒ္ဓသိမ်မှဖြစ်ပေါ်လာသော သစ်ပင် အဆောက်အဦး စသည်တို့သည် ဗဒ္ဓသီမဌ ဖြစ်ကြ၍ ရပ်ကွက်၊ ကျေးရွာဟူသော အဗဒ္ဓသိမ်မှ ဖြစ်ပေါ်လာသော သစ်ပင်အဆောက် အဦးစသည်တို့သည် အဗဒ္ဓသီမဌဖြစ်ကြ၏။ ဗဒ္ဓသီမဌချင်းသာ မဆက်စပ်ကောင်း၊ ဗဒ္ဓသီမဌနှင့် အဗဒ္ဓသီမဌ (သို့မဟုတ်) အဗဒ္ဓသီမဌ အချင်းချင်းကား ဆက်စပ်ကောင်း၏။ အချို့သော ဆရာတော်တို့ကား အုတ်တိုက်များသည် ဘူမိဂတိက ဖြစ်ကြ၍ မီးကြိုး၊ ဖုန်းကြိုးစသည် တို့ကို ရဟန်းကမကိုင်လျှင် ဖြစ်တာပါဘဲဟု ယူဆပြီး ထိုမီးကြိုး စသည်တို့ကိုမဖြုတ်ဘဲ ကံဆောင်ကြ၏။ ဘူမိဂတိကသက်သက်ကို မဝေဖန်လိုသော်လည်း သစ်၊ သံ စသည်တို့ပါနေလျှင်ကား စဉ်းစားစရာ ပင်။

# သက်သိမ်၊ တက်သိမ်၊ သီမဌသိမ်အကြောင်း သိကောင်းစရာ

ကမ္မဝါစာဖြင့် သမုတ်အပ်သော ဗဒ္ဓသိမ်သည် -

၁။ သက်သိမ်

၂။ တက်သိမ်

၃။ သီမဌသိမ်

ဟု သုံးမျိုးရှိ၏။

ထိုတွင် သိမ်သမုတ်စဉ်က အောက်၌လည်းကောင်း၊ အထက်၌လည်းကောင်း၊ သိမ်ပမာဏလောက်သော မြေကြီး နံရံ တိုင်စသည်တို့ ရှိပါမှ အောက်သို့လည်းကောင်း၊ အထက်သို့လည်းကောင်း၊ သက်၏။ တက်၏။ မရှိလျှင်ကား သမုတ်သည့် နေရာ၌သာ သိမ်ဖြစ်ပြီး အောက်သို့လည်း သိမ်မသက်။ အထက်သို့လည်း သိမ်မတက်တော့။

ထင်ရှားစေဦးအံ့။ မြေပေါ်၌ သိမ်သမုတ်စဉ် သိမ်မြေ၏ အောက်၌ လိုဏ်ရှိနေပြီး လိုဏ်မှတပါး အခြားမြေကလည်း သိမ်ပမာဏ မလောက်ခဲ့လျှင် ထိုသိမ်သည် အောက်သို့ မသတ်တော့။ အကယ်၍ အောက်၌ ဖြစ်ပေါ်နေသော လိုဏ်ကို အထက် သိမ်မြေ ထိအောင် ဖို့လိုက်လျှင်ကား အောက်သို့ သိမ်သက်၏။

မြေပေါ်၌ သိမ်သမုတ်စဉ်က အဆောက်အအုံ မဆောက်ရသေး၍ သိမ်ပမာဏလောက်သော နံရံ တိုင်-စသည် မရှိရကား ထိုသိမ်သည် မြေပေါ်၌သာ ဖြစ်၏။ အထက်သို့မတက်။ သမုတ်ပြီးနောက်မှ သိမ်မြေ နိမ့်နေ၍ မြေထပ်ဖို့လျှင် ထိုသိမ်သည် အထက်သို့တက်၏။ (ဤ၌ သိမ်ပမာဏ-ဟူသည် ရဟန်း ၂၁-ပါး နေလောက်သော နေရာတည်း)။

*  ဗဇ္ဈမာနာဧဝ ဟိ ပမာဏ ရဟိတံ ပဒေသံ န ဩတရတိ။
(မဟာဝါ - ဋ္ဌ၊ ၃၂၇)

ဟိ-သစ္စံ၊ မှန်၏။ ဗဇ္ဈမာနာဧဝ၊ ဖွဲ့သောသိမ်ဖြစ်လျှင်မူလည်း။ ပမာဏရဟိတံ၊ ပမာဏမှကင်းသော။ ဝါ-သိမ်ပမာဏ မရှိသော။ ပဒေသံ၊ အရပ်သို့။ နဩတရတိ၊ မသက်ရောက်၊ တက်လည်းမတက်။

သိမ်မြေ နိမ့်နေ၍ မြေထပ်ဖို့သည်ကို ဆရာတို့ကား တက်သိမ်-ဟု ယူတော်မူကြ၏။ တက်သိမ် သက်သိမ်တို့ကို သမုတ်စဉ်၌ ရ၍ သီမဋ္ဌသိမ်ကို သမုတ်ပြီးနောက်၌ ရသောကြောင့် မိမိအလိုကား သိမ်မြေနိမ့်၍ မြေထပ်ဖို့ခြင်းကို သီမဋ္ဌသိမ်-ဟု ယူလို၏။

သိမ်နုတ်၍ အဆောက်အအုံဆောက်လုပ်ပြီး မြေ၌ နိမိတ်ထားကာ အဆောက်အအုံပေါ်မှ သိမ်သမုတ်လျှင်ကား မြေနှင့် အဆောက်အအုံသည် တက်သိမ် ဖြစ်၏။ နောက်မှ ဆောက်လုပ်သော အဆောက်အအုံ ဖြစ်လျှင်ကား သီမဋ္ဌသိမ်တည်း။ အထက်ထပ် နံရံအတွင်း၌သာ နိမိတ်ထား၍ ကြားပြီး သမုတ်လျှင်ကား အာကာသဋ္ဌသိမ်တည်း။ (ဥပရိပါသာဒသိမ်လည်းဟူ၏)

## သီမဋ္ဌသိမ်

ဗဒ္ဓသီမာယ ဇာတံ ယံကိဉ္စိ ယတ္ထ ကတ္ထစိ၊
ဧကသမ္ဗန္ဓေန ဌိတံ သီမာသင်္ချမေဝ ဂစ္ဆတိ။
(မဟာဝါ-ဋ္ဌ၊၃၂၇)

ဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်၌။ ဇာတံ၊ ဖြစ်သော။ ယံ ကိဉ္စိ၊ အလုံးစုံသော သစ်ပင် အဆောက်အအုံ စသည်သည်။ ယတ္ထ ကတ္ထစိဌာနေ၊ တစ်စုံ တစ်ခုသောအရပ်၌။ ဧကသမ္ဗန္ဓေန၊ တစပ်တည်းအားဖြင့်၊ ဌိတံ၊ တည်သည်ဖြစ်အံ့။ သီမာသင်္ချမေဝ၊ ဗဒ္ဓသိမ် အရေအတွက် သို့သာလျှင်။ ဂစ္ဆတိ၊ သက်ရောက်၏။

ဤ၌ ဗဒ္ဓသီမာယ ဇာတံ-ကား နိဒဿနနည်းမျှသာ။ အကြောင်းကား ဂါမသိမ် စသည်တို့၌လည်း ဂါမသီမဋ္ဌ စသည်ကို ရသောကြောင့်တည်း။ ယံကိဉ္စိဖြင့် သမုတ်ထားသော သိမ်ပေါ်၌ ရှိသော သစ်ပင် အဆောက်အအုံ မှန်သမျှ သီမဋ္ဌ-ဟု ပြ၏။ ယတ္ထကတ္ထစိ ဧကေ သမ္ဗန္ဓေန ဌိတံ-ဖြင့် မူလ သိမ်နှင့် အဆက်မပြတ်ဘဲ ထွက်လာသော အရာဝတ္ထုမှန်သမျှ ရောက်ရာအရပ်၌ သီမဋ္ဌဖြစ်၏-ဟုပြ၏။ သီမာသင်္ချမေဝ ဂစ္ဆတိ-ဖြင့် မူလသိမ်မြေပေါ်၌ ကံကြီးကံငယ် ဆောင်၍ ဖြစ်သကဲ့သို့ သီမဋ္ဌပေါ်၌လည်း (သိမ်ပမာဏလောက်ပါက) ကံကြီးကံငယ် ဆောင်နိုင်၏ဟု ပြ၏။ ယခုခေတ် သိမ်ကျောင်း သိမ်တိုက်များလည်း သီမဋ္ဌဖြစ်သည်ကိုသတိပြု။

ဤမဟာဝါအဋ္ဌကထာကိုထောက်၍ -

၁။ ဗဒ္ဓသိမ်မှစတင်၍ဖြစ်ခြင်း၊

၂။ သစ်ပင်၊ ကျောင်း စသည် တစ်ခုခုဖြစ်ခြင်း၊

၃။ သိမ်တွင်း၊ သိမ်ပ တစ်စုံတစ်ခုသော အရပ်သို့ ရောက်နေခြင်း၊

၄။ ထိုအရာဝတ္ထုများသည် မူလသမုတ်ထားသော သိမ်မြေနှင့် အဆက်မပြတ် တစပ်တည်း ဖြစ်ခြင်း၊

ဤအင်္ဂါလေးပါးနှင့် ညီပါက သီမဋ္ဌသိမ် ဖြစ်၏ဟု မှတ်ရမည် ဖြစ်၏။ ထိုသီမဋ္ဌသိမ်သည် သမုတ်ထားသော မူလသိမ်မြေ၏ အပြင်ဘက် ရောက်နေသော်လည်း သိမ်မှ ထွက်လာသမျှ သိမ်ဖြစ်၍ ထိုအပေါ်၌ ကံကြီးကံငယ် ဆောင်ကောင်း၏။ ယတ္ထကတ္ထစိ ဧကေသမ္ဗန္ဓေန သီမာသင်္ချမေဝ ဂစ္ဆတိ-ကိုထောက်။ ဤအဋ္ဌကထာကို ထောက်၍ ပထမဆောက်ထားသော သိမ် ကျဉ်းနေသဖြင့် သိမ်နုတ်ပြီး ထပ်မံ သမုတ်ခြင်းကို မပြုတော့ဘဲ သီမဋ္ဌသိမ်ချင်း ဆက်၍

အပြင်၌ အဆောက်အအုံ ချဲ့၍ ဆောက်ကြ၏။ ထိုအကြောင်းကို သိမ်မျိုးစုံ မဟာဋီကာကျမ်း၌ -

* ယခုကာလ အချို့သော ဆရာတော်ကြီးတို့ကား ဂါမဗဒ္ဓစပ်၍ အပြစ်မရှိကြောင်း ကျမ်းဂန်လာသည်နှင့် သမုတ်အပ်ပြီးသော သိမ်ပေါ်၌ ဆောက်ထားအပ်သော ကျောင်းစသည်နှင့် သီမန္တရိက်နှင့်တကွ သီမန္တရိက်ပြင်ပရှိသော ကျောင်း/လှေကား စသည်တို့ကို စပ်၍ ထားကြကုန်၏။ နိမိတ်ပြင်ပ သီမန္တရိက်နှင့် ပြင်ပ အရပ်သည် ဂါမကေန်စင်စစ် ဖြစ်ပါမူကား သံသယမရှိသင့်။ ၎င်းနှစ်ရပ် ဗဒ္ဓသိမ်ဖြစ်ခဲ့သော် ထိ၍ တည်သော် မအပ်ရာ-ဟု ပြဆိုတော်မူ၏။

ဤစကားကို ထောက်သော် ရှေးအခါက သမုတ်ထားသော သိမ် ကျဉ်းလျှင်နုတ်ပြီး အသစ်ပြန်မသမုတ်ဘဲ မူလသိမ်မြေပေါ်မှာ သီမဌ သိမ်ကျောင်းကို သိမ်မြေအပြင်ဖြစ်သော ပကတိဂါမ ရောက်အောင် တိုးချဲ့ဆောက်လုပ်မှု ရှိခဲ့ကြောင်း ထင်ရှား၏။ သို့ရာတွင် နောက်တိုးချဲ့ ဆောက်လုပ်သော သီမဌ အဆောက်အအုံသည် ပကတိဂါမ၌ ကျရောက်ပါက (ယခုပြခဲ့သော အဌကထာ စကားအရ) အပြစ်မရှိ သော်လည်း ဗဒ္ဓသိမ်ဟောင်း တစ်ခုခုအပေါ်၌ ကျရောက်ခဲ့မူကား -

* နာနာသီမာယ ဌိတ စတုဣော စေ ကမ္မံ ကရောတိ၊ အကမ္မံ န စ ကရဏီယံ-ဟူသော မဟာဝါ ပါဠိ(၄၄၀)အရ နာနာသီမဌ ဖြစ်သွား၍ ကံမဆောင်ကောင်း ဖြစ်သွားတတ်၏။ အကယ်၍ ထိုသို့ တိုးချဲ့လိုပါက တိုးချဲ့လိုသော နေရာ၌ ပထမ ဗဒ္ဓသိမ်ဟောင်းမရှိအောင် သိမ်နုတ်ပါ။ ပြီးမှ တိုးချဲ့လျှင်ကား အဆင်ပြေပါ၏။ အကောင်းဆုံး ကတော့ ဝိသုံဂါမ ရပြီးဖြစ်ပါက သိမ်ဟောင်းကိုနုတ် တိုးချဲ့မည့်နေရာ ပါနုတ်။ သံသယ ရှင်းလောက်တော့မှ နိမိတ်တိုင်များကို မိမိလိုသ

လောက် နုတ်ပြီးနေရာများ၌ ထားပြီး ဝိသုံဂါမ ရထားသော နေရာမှ နေ၍ သမုတ်လျှင် မိမိလိုသလောက် သိမ်အကျယ်ကို ရနိုင်၏။ အကယ်၍ ဝိသုံဂါမရပြီး မဟုတ်လျှင်ကား နယ်သိမ်း သမုတ်ရမည် ဖြစ်၏။ ထို့ကြောင့် အပ်ပင် အပ်စပ်သော်လည်း လုပ်ကောင်းပင် လုပ်ကောင်းသော်လည်း အများ သံသယရှိမည့် ကိစ္စမျိုးကိုကား ရှောင်တာ အကောင်းဆုံးဟု မှတ်ပါ။

ဤစကားများအရ မူလဗဒ္ဓသိမ်နှင့် သီမဋ္ဌသိမ်တို့ကား ကံကြီးကံငယ် ဆောင်ခြင်းနှင့် ပတ်သက်၍ ထူးခြားမှုမရှိ၊ သီမဋ္ဌသိမ် ကိုလည်း ပကတိဂါမထဲသို့ ချဲ့လို့ရ၏။ ဗဒ္ဓသိမ် ချဲ့လာလျှင် ပကတိဂါမက နောက်ဆုတ်ပေးရ၏။ ဤသို့ ရည်ရွယ်၍ -

* ဗဒ္ဓလာလျှင် ဂါမနောက်ဆုတ်-ဟု ပြောစမှတ် ပြုကြ၏။ ဤ ပြောစမှတ်စကားအရ-ဗဒ္ဓသိမ်က သစ်ပင် အဆောက် အအုံတို့နှင့် ပကတိဂါမမှ သစ်ပင် အဆောက်အအုံတို့ ထိစပ် လျှင်လည်း အကုန်လုံး ဗဒ္ဓသီမဋ္ဌချည်း ဖြစ်ကြတော့၏။ သစ်ပင်၊ အဆောက်အအုံ ဆုံးသည့်တိုင်အောင်သာ ဗဒ္ဓသီမဋ္ဌဖြစ်၏။ မြေသို့ကား လုံး၀ မလိုက် ဟုမှတ်။

ဤ သီမဋ္ဌသဘောကို နားလည်ပါက အဝေးမှ တိုင်အသီး အသီးဖြင့် ဆက်သွယ်လာသော မီးကြိုး၊ ကြေးနန်းကြိုး၊ ဖုန်းကြိုး- စသည်တို့ကို သိမ်အဆောက်အအုံနှင့် မဆက်သွယ်ရ။ အကြောင်း ကား-ထိုကြိုးတို့သည် ပကတိဂါမကသာ လာလျှင် အပြစ်မရှိ သော်လည်း ဗဒ္ဓသိမ် တစ်ခုခုမှ လာလျှင်ကား နာနာသီမဋ္ဌ ကံပြုရာ ရောက်၍ ကံမအောင်သောကြောင့်တည်း။ (နာနာသီမဋ္ဌ ဖြစ်သော ကြောင့် ဟူလို) ကံဆောင်ကာနီးမှ ဖြုတ်ချထားလျှင်ကား အပ်ပါ၏။

✳ အဆင့်မရှိဘဲ အမိုးနှင့် အကာသာ ရှိသော သိမ်တို့၌လည်းကောင်း၊ အဆင့်ရှိသော်လည်း အောက်ထပ် တမံတလင်းပေါ် မြေပေါ်၌လည်းကောင်း ကံဆောင်ရာ၌ ရဟန်းများက တိုင်နှင့် နံရံတို့ကို မထိမကိုင်ပါမူ ထိုကြိုးစသည်ကို ဖြုတ်ရန်ပင်မလို၊ အကြောင်းကား မြေကြီး တမံတလင်းတို့သို့ သီမဌသိမ် မရောက်၍ နာနာသီမဌ မဖြစ်နိုင်သောကြောင့်တည်း။

ဆရာတို့ကား တက်သိမ်နှင့် သီမဌကို ပေါင်း၍လည်း သီမဌသိမ်-ဟု ဆိုတော်မူကြ၏။ သက်သိမ်နှင့် တက်သိမ်ကို သမုတ်စဉ်အခါဖြင့် မှတ်၍ သီမဌသိမ်ကိုကား သမုတ်ပြီးအခါဖြင့် မှတ်အပ်၏။

## ဥပရိပါသာဒသိမ်

သက်+တက် ဆိုရာ၌ သမုတ်စဉ်အခါက ရဟန်း (၂၁) ပါး နေလောက်သည့် သိမ်ပမာဏရှိသော နေရာရှိမှ သိမ်-သက်နိုင် တက်နိုင်၏။ သမုတ်ပြီးနောက်မှ ဖြစ်ပေါ်လာသော သီမဌသိမ်ကား သိမ်ပေါ်ရှိ သို့မဟုတ် သိမ်နှင့် ဆက်စပ်သော အဆောက်အအုံမှ ဖြစ်စေ၊ သစ်ပင်သစ်ကိုင်း စသည်မှဖြစ်စေ မူလဗဒ္ဓသိမ်နှင့် ထိစပ်သမျှ သီမဌဖြစ်တော့၏ - ဟုမှတ်ပါ။ ဗဒ္ဓသီမာယ-ဇာတံ(ပ)ဂစ္ဆတိ ကိုထောက်။

အကယ်၍ သိမ်နုတ်ပြီး အဆောက်အအုံဆောက်၊ ထိုဆောက်ထားသော အဆောက်အအုံပေါ်၌ နံရံကို နိမိတ် မကြားဘဲ နံရံအတွင်း၌သာ နိမိတ်ထားပြီး ကြား၍ သမုတ်ပါက အောက်မြေကြီးသို့ သိမ်မသက်ဘဲ အပေါ်ထပ်၌သာ သိမ်သက် ရောက်သော ဥပရိပါသာဒသိမ်ဖြစ်တော့၏။ ထိုဥပရိပါသာဒသိမ်၌

အောက်သို့ မသက်နိုင်သလို နံရံကို နိမိတ်မကြားခြင်း သိပ်ပမာဏ လောက်သော (အထက်တက်စရာ) တိုင်မရှိခြင်းတို့ကြောင့် အထက်လည်း မတက်နိုင်-ဟုမှတ်ပြီး အောက်ပါအမေးနှင့်အဖြေတို့ကို လေ့လာကြည့်ပါ။

မေး။ မြေအပြင်၌ သမုတ်သောသိမ်အထက်ထပ်၌သာသမုတ်သော သိမ်တို့၌ သိမ်မနုတ်ဘဲ သမုတ်လျှင် ဖြစ်/မဖြစ် စိစစ်ဝေဖန်ပြပါ။

ဖြေ။ သိမ်သမုတ်မည့် အောက်မြေအပြင်၌ ဗဒ္ဓသိမ်ဟောင်း ရှိခဲ့သော် သီမာသမ္ဘေဒ သီမအဇ္ဈောတ္ထရဏ ဖြစ်နိုင်သောကြောင့် သိမ်မနုတ်ဘဲ မသမုတ်သင့်ပါ။

(ရှင်းလင်းချက်)-ဝိနယာလင်္ကာရဋီကာ၌ သိမ်နုတ်သောပုဂ္ဂိုလ်တို့၌ ရှိရမည့် အင်္ဂါသုံးရပ်ကို ပြဆိုထား၏-

၁။ သိမ်ဟောင်းပေါ်၌ အနည်းဆုံး ရဟန်းလေးပါး စုဝေးမိခြင်း

၂။ သိမ်ဟောင်းကို နုတ်အံ့ ဟူသော အာဘောဂ ရှိခြင်း။

၃။ သိမ်နုတ်ကမ္မဝါစာကို ဖတ်ခြင်း တို့ဖြစ်၏။

ဤအင်္ဂါသုံးပါးနှင့်အညီ သိမ်နုတ်ပါမှ သိမ်ဟောင်းကျွတ်၏။ တစ်ချက်ချက် ပျက်ကွက်လျှင် သိမ်ဟောင်း မကျွတ်ပါ။ သိမ်ဟောင်းကို မနုတ်ဘဲ၊ နုတ်သည့်တိုင်အောင် သိမ်ဟောင်းမကျွတ်ဘဲ အပေါ်က သိမ်သစ်ထပ်မံသမုတ်ပါက သီမာသမ္ဘေဒ သီမအဇ္ဈောတ္ထရဏ (စပ်+လွှမ်း) ဖြစ်ပြီး အသစ်သမုတ်သောသိမ် မအောင်မြင်သောကြောင့် သိမ်မနုတ်ဘဲ လုံး၀ မသမုတ်သင့်။

ဤနေရာ၌ သိမ်ပျက် ဝိပတ္တိသိမ်ဆိုသည်မှာ-သိမ်ဟောင်း ပျက်သည်မဟုတ်၊ အသစ်သမုတ်သော သိမ်သာ ပျက်သောကြောင့် နောက်ဆောက်သော သိမ်ကျောင်းသိမ်တိုက်သည် မကျွတ်သော ဗဒ္ဓသိမ်ဟောင်းပေါ်၌ တည်ခဲ့သော် နောက်ဆောက်သော အဆောက် အအုံတစ်ခုလုံး ဗဒ္ဓသီမဌသိမ်ဖြစ်သွား၍ ၎င်းအပေါ်၌ ကံဆောင်လျှင် ကံအောင်၏။ သို့သော် မပျက်သော ဗဒ္ဓသိမ်ဟောင်းသည် ဘယ်က စတယ် ဘယ်အထိရောက်တယ် ဆိုတာကို မသိရသည့်အတွက် ဝဂ္ဂဘေဒ မဖြစ်အောင် စောင့်ရှောက်နိုင်ခဲ၏။ ဘာဘဲဖြစ်ဖြစ် အင်္ဂါ သုံးချက်နှင့် ညီအောင် သိမ်နုတ်သောအခါ ခပ်ပိုပို နုတ်ခြင်းသာ အကောင်းဆုံး ဖြစ်၏။ အချို့သော နေရာတို့၌ ဗဒ္ဓသိမ်ဟောင်း မရှိနိုင်သော်လည်း မိုးမပြိုဘူး၊ ပြိုခဲ့သော်-ဟူသော သဘောမျိုးဖြင့် သိမ်ဟောင်းရှိ၍ စပ်+လွှမ်းဖြစ်ခဲ့သော် သိမ်ပျက်ဖြစ်မှာ စိုးရကား နုတ်ခြင်းသာ အကောင်းဆုံးဖြစ်၏။ နုတ်သောအခါ၌လည်း အင်္ဂါ သုံးချက်ညီဖို့ရာ အထူး အရေးကြီး၏။ အဆောက်အအုံ ဆောက် သောအခါ၌လည်း မပျက်သော ဗဒ္ဓသိမ်ဟောင်းကို မိအောင် သမုတ်သမျှ ကုန်အောင် ဆောက်ခြင်းသာ အကောင်းဆုံးဖြစ်၏။

မေး။ အဆောက်အအုံ မဆောက်မီ သိမ်မနုတ်ဘဲ အဆောက်အုံ ဆောက်ပြီး အဆောက်အအုံပေါ်မှ သိမ်နုတ်လျှင် သိမ် ဟောင်း ကျွတ်/မကျွတ် ဖြေပါ။

ဖြေ။ ဆောက်ထားသော အဆောက်အအုံ၏ အောက်၌ ဗဒ္ဓသိမ် ဟောင်း မရှိခဲ့သော် ပြဿနာမရှိ။ နုတ်စရာလည်း မလိုပါ။ အကယ်၍ ဆောက်ထားသော အဆောက်အအုံသည် ဗဒ္ဓသိမ်ဟောင်း အပေါ်၌ အနည်းနှင့်အများ ကျရောက်

နေလျှင် ထိုအဆောက်အအုံသည်လည်း ဗဒ္ဒသီမဌသိမ်
ဖြစ်နေ၍ အောက်က ဗဒ္ဒသိမ်ဟောင်း ကျွတ်ပါသည်။

(ရှင်းလင်းချက်) ဗဒ္ဒသိမ်ဟောင်းသည် ဘယ်ကစ၍ ဘယ်မှာဆုံးသည် အဆောက်အအုံအောက် မည်မျှဝင်နေသည်ကို မသိနိုင်သည့်အတွက် နုတ်သောအခါ ပတ်ပတ်လည်မှ သိမ်နှစ်လုံးစာလောက် အထိ သံဃာ သိမ်း၍ (နယ်သိမ်း၍) နုတ်အပ်၏။ သတိပြု။ သိမ်ဟောင်း လုံးဝ မရှိလျှင်ကား ပြောစရာမရှိပါ။ သုံးယူဇနာအထိ ကျယ်နိုင်သော မဟာသိမ်ကြီးများ ရှိခဲ့လျှင်လည်း လုံးဝ နုတ်လို့ မဖြစ်နိုင်ပါ သံဃာ မသိမ်းနိုင်သောကြောင့်တည်း။

အထူးအားဖြင့် ရေးလိုသည်မှာ - ဆောက်ထားသော အဆောက်အအုံ၏ အောက်၌ ဗဒ္ဒသိမ်ဟောင်းနှစ်လုံး မထိဘဲ နီးနီးကပ်ကပ် ရှိနေခဲ့သော် အပေါ်က အဆောက်အအုံသည် ဒွိသိမ် သီမဌဖြစ်နေ၍ (နာနာသီမာယ ဋ္ဌိတစတုတ္ထောစေ) စသော မဟာဝါ ပါဠိ(၄၄၀)အရ ၎င်းအဆောက်အအုံ၌ ဆောင်ရွက်သော သိမ်နုတ်ခြင်း စသော ကံကြီးကံငယ်များ လုံးဝ မအောင်မြင်ပါ (သတိပြု)။ သို့သော် ဗဒ္ဒသိမ်ဟောင်း နီးနီးကပ်ကပ် နှစ်လုံးရှိဖို့ အသာထား တစ်လုံးရှိဖို့ပင် မလွယ်ပါ၊ ရှိခဲပါဘိတည်း။

ဤနေရာဝယ် မြေပေါ်၌ သိမ်နုတ်စဉ် မဏ္ဍပ်ထိုး ဖျာခင်း တစ်ပါးနှင့် တစ်ပါး သက်န်းစွန်းချင်း ထိတာကိုပင် ဝိနည်းကျွမ်းကျင် ပညာရှင်များ မနှစ်သက်ကြ၊ အကြောင်းကား- ထို နာနာသီမဌကို ကြောက်သောကြောင့်တည်း၊ ပဲခူး၊ ကလျာဏီသိမ်ကြီး သမုတ်စဉ်က မဏ္ဍပ်ထိုး၍ နုတ်၏ဟု ကလျာဏီကျောက်စာ၌ ပါ၏။ နာနာသီမဌ မရှိနိုင်-ဟု ယုံကြည်သောကြောင့် နုတ်+သမုတ်တော် မူကြရပုံ၏။

တိုက်ဒေါင့်ခဏ္ဍ၊ တိုက်လုံးကျ ဗဒ္ဓသိမ်မဟာနှင့်အညီ တစ်တိုက်လုံးကို သမုတ်သော မဟာသိမ်ကြီးများ မရှိနိုင်ဟု တွေးသလို နီးနီးကပ်ကပ် သမုတ်ထားသော ဗဒ္ဓသိမ်နှစ်လုံးလည်း ရှိနိုင်/မရှိနိုင် ပညာရှင်များ စဉ်းစားတော် မူသင့်၏။ ကျောင်းတိုက် တစ်ခုအတွင်း သိမ်နှစ်လုံး သမုတ်ထားသည်ကို တွေ့ဘူးပါ၏။ အကြား၌ သိမ်သုံးလုံးစာလောက် ခြားနေသည်ကိုသာ တွေ့ရပါ၏။ မဏ္ဍပ်ထိုးထားသော်လည်း မဏ္ဍပ်တိုင်ကို ရဟန်းတော်များ မကိုင်လျှင် မထိလျှင် အပြစ်မရှိဟု လည်း ဆိုတော်မူကြ၏။ ဘာဘဲဖြစ်ဖြစ် အဆောက်အအုံ မဆောက်မီက သိမ်နုတ်ခြင်းသာ အကောင်းဆုံးဖြစ်မည်။ အကြောင်းကား အများကဲ့ရဲ့မှု ပရူပါဝါဒဘေးမှ လွတ်မည်ဖြစ်သောကြောင့်တည်း။

မေး။ အဆောက်အအုံပေါ်မှ သိမ်နုတ်ခြင်းနှင့် မြေပေါ်မှ သိမ်နုတ်ခြင်းတို့ ထူးခြားမှု ရှိ/မရှိ ရှင်းလင်းဖော်ပြပါ။

ဖြေ။ သိမ်နုတ်အင်္ဂါ သုံးချက်နှင့် ညီပါက အတူတူဖြစ်၍ မထူးခြားပါ။

(ရှင်းလင်းချက်) မြေပေါ်မှနေ၍ နုတ်ရာ၌ သိမ်ဟောင်းက နုတ်မည့်နေရာသို့ အစွန်းလောက်သာ ဝင်နေခဲ့လျှင် ထိုအစွန်း၌ အနည်းဆုံး လေးပါး ထိုင်မိဖို့ အရေးကြီး၏၊ ခပ်ပိုပိုထား၍ နုတ်လျှင်ကား ထိုင်မိလောက်ပါ၏။ အဆောက်အအုံပေါ်မှ နုတ်ရာ၌ကား အဆောက်အအုံအောက်သို့ သိမ်ဟောင်း အနည်းငယ်သာ ရောက်သည်ဖြစ်စေ၊ ထိုအဆောက်အအုံမှာ အကုန်လုံး သီမဋ္ဌသိမ် ဖြစ်နေ၍ ဘယ်နေရာက ထိုင်၍ နုတ်သည်ဖြစ်စေ၊ အနည်းဆုံး (၄)ပါး ထိုင်မိခြင်း အင်္ဂါပြည့်စုံ၍ အောက်က သိမ်ဟောင်း ကျွတ်နိုင်၏။ တစ်ခုတော့ ဆိုစရာရှိ၏ အဆောက်အအုံ အောက်၌ သိမ်နှစ်လုံးစသည် ရှိနေခဲ့သော်

နာနာသီမဌ္ဌဖြစ်၍ ကံမအောင် ဖြစ်တတ်၏။ မဏ္ဍပ်ထိုး၍ နုတ်ရာ၌လည်း ဤအတိုင်းပင်မှတ် "နာနာသီမကို စိုးရိမ်နေပါက အောက်၌ မဟာသိမ်ရှိက ပို၍ စိုးရိမ်စရာပင်"

အမှန်မှာ- နာနာသီမဌ္ဌ ဒွိသိမ်သီမဌ္ဌ-ဟူသော စကားများကို မဟာသိမ်နှင့် ခဏ္ဍသိမ်ကို ရည်ရွယ်၍ ဆိုခြင်းဖြစ်၏။ အကြောင်းကား မဟာသိမ်နှင့် ခဏ္ဍသိမ်တို့မှာ သီမန္တရိက်မျှသာ ခြားသောကြောင့်တည်း။ အဆောက်အအုံပေါ်မှ သိမ်နုတ် သိမ်သမုတ်ခြင်းနှင့် ပတ်သက်၍ အဂ္ဂမဟာပဏ္ဍိတ၊ ထိန်တောဆရာတော်ကြီး၏ သီမဝိဇ္ဇောတနီ မဏ္ဍပ ဝိသဇ္ဇနာ ကိုလည်း အောက်ပါအတိုင်း လေ့လာသင့်၏။

* ကုဋ္ဌိဂေဟေပိ ဗဒ္ဓန္တေဟိ ဘိတ္တိံ အကိတ္တေတွာ ဧကေ ဝိသတိယာ ဘိက္ခူနံ ဩကာသဌာနံ အန္တော ကရိတွာ ပါသာဏာ နိမိတ္တာနိ ဌပေတွာ သီမာ သမ္မန္နိတဗ္ဗာ၊ အန္တော ကုဋ္ဋမေဝ သီမာ ဟောတိ၊ သစေ အန္တော ကုဋ္ဋေ ဧကဝိသတိယာ ဘိက္ခူနံ ဩကာသော နတ္ထိ၊ ပမုခေ နိမိတ္တ ပါသာဏေ ဌပေတွာ သမ္မန္နိတဗ္ဗာ၊ သစေ ဧဝမ္ပိ နပ္ပဟောတိ၊ ဗဟိနိဗ္ဗောဒက ပတနဌာနေပိ နိမိတ္တာနိ ဌပေတွာ သမ္မန္နိတဗ္ဗာ၊ ဧဝံ သမ္မတာယ ပန သဗ္ဗံ ကုဋ္ဌိဂေဟံ သီမဌ္ဌမေဝ ဟောတိ။ ဟု မဟာဝါအဋ္ဌကထာ၌ မိန့်ဆိုတော်မူ၏။

ဤအဋ္ဌကထာပါဠ်ဖြင့် သိမ်မသမုတ်မီကာလ ကျောင်းဆောက်ပြီး မိုးကာပြီးမှ သိမ်နုတ်အပ်၊ သိမ်သမုတ်အပ်ကြောင်း အလွန်ထင်ရှားပါ၏။

ဝိနယာလင်္ကာရ ဋီကာ၌လည်း သီရိခေတ္တရာမြို့၊ မဟာသတ္တမမွမင်းလက်ထက်၌ ထိုမင်း ကိုးကွယ်သော နန္ဒနဝိဟာရ၌ ဇရပ်၊

ကျောင်း၊ ဆောက်လုပ်ပြီးမှ သိမ်နုတ် သိမ်သမုတ်ကြကြောင်းကို လည်းကောင်း။

ဟံသာဝတီမြို့၌လည်း ဓမ္မစေတီယမင်းလက်ထက် ကလျာဏီ သိမ်ကို သမုတ်သောအခါ ရှေးဦးစွာ ဇရပ်၊ ကျောင်း ဆောက်ပြီးမှ သိမ်နုတ်၊ သိမ်သမုတ်ကြကြောင်းကိုလည်းကောင်း မိန့်ဆိုတော်မူ၏။

မန်လည်ဆရာတော်ဘုရားလည်း ပြသာဒ်ကျောင်းကြီး ဆောက်ပြီး မိုးကာပြီးကိုပင် သိမ်နုတ် သိမ်သမုတ်ခြင်းကို ပြုလုပ်တော် မူသည်။

ဝဇီရာရာမဆရာတော်ဘုရားလည်း မဏ္ဍပ်ဆောက်လုပ်ပြီးမှ သိမ်နုတ် သိမ်သမုတ်တော်မူသည်။

ဤသို့ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တတ်ဆရာကြီးတို့သည် သိမ်သမုတ်ရာ ဇရပ်၊ ကျောင်း၊ မဏ္ဍပ်၊ တန်ဆောင်း လုပ်ပြီးမှ သိမ်နုတ် သိမ်သမုတ် ပြုလုပ်ကြသည်ကို မသင်ကြားဘူး၊ မတွေ့မြင်ဘူးသော ရဟန်းတို့သာ အမိုးနှင့် သိမ်သမုတ်သည်ကို မအပ်-ဟု ဆိုနိုင်သည်၊ အဋ္ဌကထာ ဋီကာ အာစရိယုပဒေသ ရသော ရဟန်းဖြစ်မူ ဆိုနိုင်ဖို့ အခွင့်မရှိ၊ ဆိုဝံ့လိမ့်မည် မဟုတ်ချေ။

ဤအရာ၌ ရှေးဆရာကြီးများ သံသယရှိပုံကို ပြဆိုဦးအံ့၊ မဏ္ဍပ် ဇရပ် တန်ဆောင်း ၄ဆောက်လုပ်ပြီးမှ သိမ်နုတ်ခဲ့မူ ခဏ္ဍသိမ် ဟောင်းနှစ်လုံး အစပ်ကြား၌ တိုင်စိုက်မိသည်ဖြစ်စေ၊ ထိုခဏ္ဍသိမ် ဟောင်းနှစ်လုံး အနီး စပ်၍ တိုင်တစ်လုံးစီ နှစ်လုံးစီ စိုက်မိသည်ဖြစ်စေ၊ အမိုးဝါး-စပ်ယှက်၍ ဝင်ဖြစ်လိမ့်မည်ဟု သံသယ ရှိကြသည်။

ညောင်စောင်းမှာ ဖျာသင်ဖြူးခင်း၍ နုတ်သည့်အခါ ဖျာခြင်း မစပ်ရအောင်လည်း ခင်းလုပ်ကြသည်။ ထိုသံသယမှာလည်း

ညောင်စောင်းနှစ်ခု အစပ်၌ ခဏ္ဍသိမ်ဟောင်းနှစ်လုံး အနီး စပ်၍ နေခဲ့မူ ဝဂ်ဖြစ်လိမ့်မည်ဟု သံသယရှိကြသည်။ ထိုသို့ ရှိကြသော်လည်း ခဏ္ဍသိမ် နှစ်လုံး စပ်၍ သမုတ်ခြင်းကို အဋ္ဌကထာ၌ မပြမဆိုချေ။ ခဏ္ဍသိမ် အလယ်ထား၍ မဟာသိမ်ပြင်ဘက် လည်၍ ရံ၍ သီမန္တရိက် ချန်ထား၍ သမုတ်ကြောင်းကိုသာ အဋ္ဌကထာ ဖွင့်ပြတော်မူသည်။

ယခင် ပြဆိုခဲ့ပြီးသော အဋ္ဌကထာဋီကာတို့ဖြင့်လည်း ဤကဲ့သို့ သံသယ မရှိရမည့်အကြောင်း သိသင့်သည်၊ ထိုပြဆိုသည့် အတိုင်းပင် သံသယ ရှိကြပြန်လျှင်လည်း ဗဒ္ဓသိမ်တစ်လုံးကသာ ရဟန်းရှိ၍ ဗဒ္ဓသိမ်တစ်လုံးက ရဟန်းမရှိမူ တိုင်နှင့် အမိုးဝါး စပ်သော်လည်း ဝဂ်မဖြစ်-ဟု မှတ်။

ထို့ကြောင့် ဥပေါသထက္ခန္ဓက အဋ္ဌကထာ၌ မဟာသိမ် ခန္ဓသိမ် နှစ်လုံး ရောယှက်နေရာမှာ -

သီမ မာဠကေ ဝဋ္ဋရုက္ခော ဟောတိ တဿ သာခါ ဝါ တတော နိဂ္ဂတပါရောဟော ဝါ မဟာသီမာယ ပထဝိတလံ ဝါ တတ္ထ ဇာတ ရုက္ခာဒီနိ ဝါ အာဟစ္စ တိဋ္ဌတိ၊ မဟာသီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ။ တေ ဝါ သာခါ ပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ - ဟူ၍လည်းကောင်း။

ဇဝံ မဟာသီမာယ ဇာတရုက္ခဿ သာခါ ဝါ ပါရောဟော ဝါ ဝုတ္တာနယေနေဝ သီမ မာဠကေ ပတိဋ္ဌာတိ ဝုတ္တာနယေနေဝ သီမံ သောဓေတွာ ကမ္မံ ကာတဗ္ဗံ တေ ဝါ သာခါ ပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ။ ဟူ၍လည်းကောင်း ဆိုတော်မူ၏။

ဝိမတိဝိနောဒနီ ဋီကာ၌လည်း ✳ မဟာသီမံ ဝါ သောဓေတွာတိ မဟာသီမဂတာန် သဗ္ဗေသံ ဘိက္ခူနံ ဟတ္ထပါသ

နယန ဆန္ဒာဟရဏာဒိ ဝသေန သကလံ မဟာသီမံ သောဓေတွာ-ဟု ဖွင့်တော်မူ၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာပါဌ်၌ မဟာသီမံ ဝါ သောဓေတွာ ကမ္မံ ကာတဗ္ဗံ-ဟူသောပါဌ်ဖြင့် ၅-ပါး၊ ၆-ပါး အစုရှိသော ရဟန်းတို့သည် တစ်စုတည်း နေ၍ ထိုမှ ဤမှ လှည့်ပတ်၍ သိမ်နုတ်ကြရာ မဏ္ဍပ်တိုင် အမိုးဝါး စပ်သော်လည်း တစ်ခုခုသော နေရာက တစ်သိမ်တည်း၌ တည်နေ၍ ဝဂ်မဖြစ်နိုင်သောကြောင့် အပ်သည်ဟု ပြတော်မူသည်။

ယခင် ပြဆိုအပ်သော ကုဋ္ဌိဂေဟေပိ ဗန္ဓန္တေဟိ-အစရှိသော အဋ္ဌကထာပါဌ်တို့ဖြင့်လည်း အပ်ကြောင်းကို ပြဆိုတော်မူသည်။ ထို့ကြောင့် ဇရပ်၊ တန်ဆောင်း၊ မဏ္ဍပ်၊ ကျောင်း ဆောက်လုပ်ပြီးမှ သိမ်နုတ်ကြရာ ရဟန်း(၅)ပါး၊ (၆)ပါးဖြစ်စေ၊ ထို့ထက်များ၍ ဖြစ်စေ၊ ဆောက်လုပ်သော တန်ဆောင်း၊ ကျောင်း၊ မဏ္ဍပ်၊ အောက်မှာ အရပ် လေးမျက်နှာ၊ ရှစ်မျက်နှာတို့တွင် တစ်မျက်နှာ နေရာတဘက်ဘက်ကသာ ဝိုင်းစုကာ နေ၍ဖြစ်စေ၊ အစဉ်တန်း၍ဖြစ်စေ၊ တစ်လှည့်စီနေ၍ နုတ်ကြမူ သိမ်နှစ်လုံး အနီးအစပ်ရှိ၍ တိုင် အမိုး စပ်သော်လည်း တစ်ဘက်ဘက်က နေ၍ သိမ်တစ်လုံးတည်း အပေါ်၌ ကျနေ၍ တစ်လုံးက ရဟန်းမရှိမူ ဝဂ်မဖြစ်၍ အပ်သည်ဟု သန္နိဋ္ဌာန်ကျမှတ်ရမည်။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာ ပါဌ်တို့ဖြင့် ဂါမသိမ်နှင့် ဗဒ္ဓသိမ်ဆက်စပ်၍ ကံမပျက်သည်ကို ပြတော်မူသည်ဟု မှတ်ပါ။ သိမ်နုတ်ရာ၌သာ ဗဒ္ဓသိမ်ချင်း နီးစပ်မည်ကို သံသယရှိကြသည်။ နုတ်ပြီး သမုတ်ရာ၌ သံသယ မရှိသင့်ပြီ။ မရှိသင့်သည့် အရာကို ရှိလျှင် ထိုသူ၏ မသိခြင်းသာ ဖြစ်တော့သည်။

မေးလျှောက်စာ ပါသည်မှာ

အမိုးနှင့်တကွ သိမ်သမုတ်ရာ မအပ်ကြောင်း အဆင့်စကား ကြားသိရ၍ အမိုးနှင့်တကွ သိမ်သမုတ်ရာ အပ်/မအပ် ဟု ပါရှိသည်။ အမိုးနှင့်တကွ သိမ်သမုတ်ရာ မအပ်ဟု ဆိုသောသူသည် ကျမ်းဂန်ကိုလည်း မသင်ကြားဘူး၊ သင်ကြားဘူးသော်လည်း နားမလည်၊ ဝိနည်းတတ်သော ဆရာနည်းကိုလည်း မကြားဘူး၊ မမြင်ဘူး၍သာ ဆိုခြင်းဖြစ်သည်။ ထိုသူ၏ စကားသည် တရား မသက်ဝင်၍ အလေးမပြုသင့်၊ မပြုလေနှင့် အပိုဟူ၍ မှတ်ထားရမည်။

ဤကား ဇရပ်၊ တန်ဆောင်း၊ မဏ္ဍပ်၊ ကျောင်း ဆောက်၍ သမုတ်သင့်သော အဆုံးအဖြတ် စကားရပ် အပြီးတည်း။

(အမှာ) ဖော်ပြပါ စကားရပ်များကို ထိန်တောဆရာတော်ကြီး၏ စကားတော် (အသုံးအနှုန်း) အတိုင်း ကူးယူရေးသားလိုက်ခြင်း ဖြစ်ပါသည်။

မေး။ ဥပရိပါသာဒသိမ် သမုတ်ရာ၌ သိမ်နုတ် သိမ်သမုတ်ကံဆောင်ရာဝယ် နယ်သိမ်းရန် လို/မလို စိစစ်ဝေဖန်ပြပါ။

ဖြေ။ ဘူမဋ္ဌသိမ် ဖြစ်စေ၊ အာကာသဋ္ဌသိမ် ဖြစ်စေ သမုတ်ရာဝယ် သိမ်နုတ်ကံဆောင်ရာ၌ နယ်သိမ်းရန် လိုပါသည်။ ဂါမခေတ်တစ်ခုလုံး သိမ်းရန် မလိုဘဲ သမုတ်မည့် နေရာ၏ အပြင်ဘက်ပတ်လည် ပေ-၂၀ (သိမ်တစ်လုံးစာ) ခန့် အခြားရဟန်းတော်များ မဝင်အောင် နယ်သိမ်းလျှင် ပြီးပါသည်။

သမုတ်ရာ၌ကား ပကတိဂါမခေတ်၌ သမုတ်သည် ဖြစ်သောကြောင့် ပကတိဂါမခေတ်ကုန်အောင် နယ်သိမ်းရပါသည်။ အကယ်၍ ဝိသုံဂါမ ရလျှင်ကား ဂါမခေတ်ကုန်အောင် သိမ်းရန် မလိုပါ။

(ရှင်းလင်းချက်) သိမ်နုတ်သည်ဆိုရာ၌ သိမ်ဟောင်း ကိုနုတ်ခြင်းသာ ဖြစ်ရာ သိမ်ဟောင်းပေါ်၌ အနည်းဆုံး ရဟန်း (၄)ပါး စုဝေးမိခြင်း၊ သိမ်ဟောင်းကို နုတ်အံ့ဟူသော အာဘောဂရှိခြင်း၊ သိမ်နုတ်ကမ္မဝါစာကို ဌာန် ကရိုဏ်း-စသည် ပီပြင်စွာ ရွတ်ဆိုခြင်း-ဟူသော အင်္ဂါသုံးချက် ညီပါက သိမ်ဟောင်း ကျွတ်၏။ ထို့ကြောင့် သိမ်ဟောင်းရှိမည် ထင်ရလောက်သော နေရာလောက်သာ ဝဂ္ဂဘေဒ မဖြစ်ရအောင် နယ်သိမ်းရခြင်းဖြစ်၏။ ဂါမခေတ်တစ်ခုလုံး သိမ်းရန်မလို၊ သိမ်ဟောင်းကို နုတ်လိုက်သောအခါ ဗဒ္ဓသိမ် မရှိတော့ဘဲ အားလုံး ပကတိဂါမသိမ် ဖြစ်သွား၍ သမုတ်သောအခါ ပကတိဂါမ တစ်ခုလုံး နယ်သိမ်းရ တော့၏ဟု မှတ်ပါ။

မေး။ အပေါ်ထပ်ကနေ၍ သိမ်နုတ်ရာ အောက်မြေပေါ်က သမုတ်ထားသော သိမ်ဟောင်း အဘယ့်ကြောင့် ကျွတ်ရသနည်း။

ဖြေ။ သိမ်ပေါ်၌ရှိသော(ဝါ)သိမ်နှင့် တစ်စပ်တည်း တည်ရှိနေသော သစ်ပင်၊ အဆောက်အအုံစသည် အားလုံး သိမဌသိမ် ဖြစ်သောကြောင့် အထက်အထပ်တစ်ရာ မြောက်လောက်က သိမ်နုတ်ကမ္မဝါစာကို အင်္ဂါညီစွာ ဖတ်လျှင်ပင် အောက်ဆုံး ထပ်မြေ၌ သမုတ်ထားသော ဗဒ္ဓသိမ်ဟောင်း ကျွတ်၏။ "ဗဒ္ဓသီမာယ ဇာတံ ယံကိဉ္စိယတ္ထကတ္ထစိ ဧကေသမ္ဗန္ဓေန ဌိတံ သီမာသင်္ချမေဝ ဂစ္ဆတိ"-ဟူသော အဋ္ဌကထာကြီးကို ထောက်ပါ။

# ရေသိမ်အကြောင်းသိကောင်းစရာ

မေး။ ယခုခေတ်အသုံးပြုနေကြသော ရေသိမ် (ဥဒကုက္ခေပ) တို့၌ ရှောင်သင့်၊ သတိထားသင့်သည်တို့ကို ဖော်ပြပါ။

ဖြေ။ ဥဒကုက္ခေပ-ဟူသော ရေသိမ်ကို မြန်မာနိုင်ငံ၌ အတော်လေး အသုံးပြုကြ၏။ ဆရာအချို့တို့၏ သဘောထားမှာ-ရေသိမ် ကပင်ပိုမိုစိတ်ချရ၏-ဟု ဆိုတော်မူကြသည်ကို ကြားရဘူး၏။ မှန်သင့်သလောက်မှန်ပါ၏၊ သို့သော် ရေသိမ်ကို စည်းကမ်း တကျ မပြုလုပ်တတ်၍ မအောင်မြင်သော ရေသိမ်များကိုလည်း တော်တော်များများ တွေ့နေရ၍ သံဝေဂပင် ဖြစ်မိပါ၏။

ဖော်ပြပါ မေးခွန်းနှင့် ပတ်သက်၍ ရှေးဦးစွာ ကြည့်ရှုလေ့လာ သင့်သော သိမ်မှိုးစုံ မဟာဋီကာမှလာသော အောက်ပါစကားရပ်များကို ထုတ်နုတ်ဖော်ပြပါမည်။

# ဥဒကုက္ခေပသိမ်ကို သာဓကနှင့်တကွ ပြဆိုခန်း

တရားစောင့်သော မင်းတို့လက်ထက် လခွဲတစ်ကြိမ်၊ ဆယ်ရက် တစ်ကြိမ်၊ ငါးရက်တစ်ကြိမ် မိုးရွာသည်ဖြစ်၍ မိုးကောင်းသောအခါ မိုးလေးလပတ်လုံး ရေအယဉ်မပြတ်၊ ဒူးဝန်းနှစ်ဘက်၊ ချက်ဝန်း၊ သုံးပါးဖုံးလွှမ်း၍၊ ဝတ်အပ်သောသင်းပိုင်ကို ဝတ်၍ မချိမကြွ ကူးသော ဘိက္ခုနီမ၏ သင်းပိုင်ကို ရေလက်နှစ်သစ်ခန့် စိုစွတ်နိုင်သော ရေရှိသော မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ ရဟန်းသံဃာများ နေရာမှ ပြင်ပ လေးမျက်နှာအားအလတ်စားရှိသော ယောကျာ်း အစွမ်းကုန်လွှဲသဖြင့် ရေကိုလည်းကောင်း၊ သဲကိုလည်းကောင်း ပစ်၍ ထိုရေ-သဲတို့ကျရာ အရပ်အတွင်း ဟူသမျှသည် ဥဒကုက္ခေပသိမ်မည်၏။ ထို့ကြောင့် ဝိနည်းမဟာဝါ ပါဠိတော် (နှာ-၁၅၀)၌ -

* သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ သဗ္ဗော သမုဒ္ဒေါ အသီမော သဗ္ဗော ဇာတဿရော အသီမော။ နဒိယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ အယံ တတ္ထ သမာနသံဝါသာ ဥဒကုက္ခေပသီမာ - ဟု ဟောတော်မူသည်။

## မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရ သုံးပါးအထူး

မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင် သုံးပါးတို့၏ လက္ခဏာကား ဤသို့တည်း။ ဇာတဿရ လက္ခဏာမှာ တစ်စုံတစ်ယောက်သော သတ္တဝါသည် မတူးမပြုဘဲ အလိုအလျောက်လည်း ဖြစ်ရမည်။ မြစ်၌ လာသော လက္ခဏာအတိုင်း စတုမာသမိုးလေးလမှာ ရေလည်းမပြတ် တည်ရမည်။ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသော ထုံးအိုင်သည် ဥဒကုက္ခေပသိမ်၏ တည်ရာဖြစ်သော ထုံးအိုင်မည်၏။

မြစ်သည် သမုဒ္ဒရာကို ဖျက်ခွဲ၍ ယင်းမြစ်၊ သမုဒ္ဒရာမှ ထွက်စီးလာသော ရေဖြစ်စေကာမူ ဆိုအပ်ပြီးအတိုင်း မိုးလေးလအတွင်း ရေမပြတ်သော လက္ခဏာနှင့် ညီညွတ်ပါမူကား ယင်းသို့သော ထုံးအိုင်သည်လည်း ဥဒကုက္ခေပသိမ်၏ တည်ရာဖြစ်၏။

ထိုဇာတဿရအိုင်မှာ အလိုလိုလည်းဖြစ်မည်။ မိုးလေးလလည်း ရေတည်ဘူးသည်ဖြစ်အံ့၊ မိုးမကောင်း၍ သဲသောင်ဖြစ်သော်လည်း ဘယ်နှစ်နှစ်ကြာကြာ ကံပြုကောင်း၏။ ထိုသဲသောင်စသည်၌ ဗူး၊ ဖရုံစသည် စိုက်ပျိုး၊ ရေတွင်းတူးလျှင် စိုက်ပျိုးသောနေရာ ဇာတဿရ ပျက်၏။

မဟာဝါ-ဋ္ဌ၊ (နှာ-၃၃၃)

## ဇာတဿရ၌ နှစ်ကျိပ်တစ်ယောက် စည်းဝေးလောက်မှ အပ်သည်ဆိုရာ မသင့်ကြောင်း

ယင်းဇာတဿရသည် အချို့သော ဆရာတော်ကြီးတို့က နှစ်ကျိပ်တစ်ယောက် စည်းဝေးလောက်အောင် ကျယ်ဝန်းမှ ဥဒကုက္ခေပသိမ်၏ တည်ရာဖြစ်သည်-ဟု ယူတော်မူကြ၏။ "အတိခုဒ္ဒကာနာမ ယာ ဧကဝီသတိ ဘိက္ခူ န ဂဏှာတိ" ဟူသော ပရိဝါအဋ္ဌကထာ (နှာ-၂၄၈) ကို ထောက်၍ သာစေ မူကြ၏။

ထိုစကားသည် ဗဒ္ဓသိမ်၌သာ လာသည်၊ အဗဒ္ဓသိမ်၌ မလာသောကြောင့် သာချ၊ သာစေ မတန်။ ထို့ကြောင့် ဇာတဿရ သိမ်၌ ဤစကားကို မမှတ်အပ်၊ ဇာတဿရသိမ်မှာ တစ်ပါးတည်း နေထိုင်လောက်သော်လည်းကောင်း၊ မနေထိုင်လောက်၍ ခြေတစ်ချောင်းသာ ထားလောက်သော်လည်းကောင်း၊ အဓိဋ္ဌာန်ဥပုသ်အား လျော်သည်နှင့် အပ်ရာသတည်း။

ထိုစကားမှန်၏။ ဇာတဿရသိမ်မှာ အကျဉ်းအကျယ်ပမာဏ ကျမ်းဂန်မလာ၊ ဗဒ္ဓသိမ်၌သာ လာ၍ ဇာတဿရသိမ်၌ မလာ သော်လည်း ၎င်းပမာဏသည် ယင်းဇာတဿရမှာလည်း သိသင့်ပါ၏ ဆိုငြားအံ့၊ အလေးပြု၍ ဆိုသင့်သော အရာဖြစ်၍ ယင်းသို့သောအိုင်- မအပ်ဟု အဋ္ဌကထာဆရာ မိန့်ဆိုရာသတည်း၊ မိန့်ဆိုလည်း မမိန့်ဆိုခဲ့။

ထို့ကြောင့် ၂၁-ယောက် မစည်းဝေးလောက်သော်လည်း ဇာတဿရအိုင်မှာ အပ်သတည်း-ဟု ပုံသေမှတ်အပ်၏။ ဤသို့ပင် ငါတို့ကျေးဇူးတော်ရှင် စလင်းဆရာတော်ဘုရားကြီးနှင့် မိုင်းခိုင်း ဆရာတော်ဘုရားကြီးတို့သည် စံကျောင်းဆရာတော်ဘုရားကြီး အမိန့် ရှိတော်မူဘူးကြောင်း၊ သင့်မြတ်ကြောင်း မိန့်တော်မူကြသတည်း။

## ဥဒကုက္ခေပ၌ နာနာဝါဒ ဝိစရဏကိုပြခန်း

ထိုဇာတသရအိုင်၌ ဥဒကုက္ခေပအဖြစ်ဖြင့် ကံရွက်ဆောင်လိုသော ရဟန်းတော်တို့သည် တပါးသော ဥဒကုက္ခေပသိမ်၌ ကံပြုဆဲ ရဟန်းတို့ဖြစ်လျှင် အကြားသီမန္တရိက်အကျိုးငှာ ဥဒကုက္ခေပ-စာ၊ တစ်ခုထားရခြင်း၊ ကံပြုဆဲသံဃာမရှိဘဲ ပြင်ပရဟန်းရှိခဲ့လျှင် မိမိဥဒကုက္ခေပသိမ်မှ အပ၌ နေစေခြင်း၊ ဂါမနှင့်မူကား မိမိနိဿယ မဟုတ်သောကြောင့် ထိုဥဒကုက္ခေပနှင့် ထိုဂါမမှာ တထွာ၊ တတောင် ကွာစေခြင်း၊ ဂါမအတွင်းရှိသော ခဏ္ဍ၊ မဟာ၊ ဗဒ္ဓသိမ်တို့နှင့်မူကား- ကြိုး၊ ဝါး၊ နွယ် - စသည်တို့ဖြင့် အယှက်အတင် မရှိစေခြင်း - စသည်ဖြင့်ကံပြုကြကုန်ရာ၏။ အချို့ဆရာတော်တို့ကား ဥဒကုက္ခေပနှင့် ဂါမမှာ ဥဒကုက္ခေပ တစ်ခု ကွာခြားရမည်ဟု ဆုံးဖြတ်ကြ၏။ ပါဠိ၊ အဋ္ဌကထာမရှိ၍ မသင့်။ ထို့ကြောင့် မဟာဂါ အဋ္ဌကထာ(နှာ-၃၃၅)၌-

* အန္တော နဒိယံ ဗဒ္ဓအဋ္ဋကေပိ အန္တောနဒိယာ
ဇာတရုက္ခေပိ ဌိတေဟိ ကာတုံ ဝဋ္ဋတိ။
သစေ ပန ရုက္ခဿ သာခါ ဝါ တတော နိဂ္ဂတ
ပါရောဟော ဝါ ဗဟိ နဒီတီရေ ဝိဟာရ
သီမာယ ဝါ ဂါမသီမာယ ဝါ ပတိဋ္ဌိတော
သီမံ ဝါ သောဓေတွာ သာခံ ဝါ ဆိန္ဒိတွာ ကမ္မံ
ကာတဗ္ဗံ။ သစေ ပန သေတု ဝါ သေတုပါဒါ ဝါ
ဗဟိ တီရေ ပတိဋ္ဌိတာ ကမ္မံ ကာတုံ န ဝဋ္ဋတိ။
သီမံ သောဓေတွာ ကာတဗ္ဗံ။

အစရှိသောစကားကို မိန့်တော်မူသတည်း။ ထိုစကားမှန်၏ ရေနှင့်ကမ်း အရပ်သည် ဘာမျှမဆိုင်လေ။ နဒီ၊ သမုဒ္ဒ၊ ဇာတဿရတို့၌ တည်သော လေ့၊ သဘော်-စသည်တို့၌ ကြိုး၊ လွန်-စသည်ဖြင့် ဂါမကိုလည်း ကောင်း၊ ဗဒ္ဓကိုလည်းကောင်းသွား၍ချည်ပါက ဂါမဗဒ္ဓတို့သာ ဖြစ်ကုန် သတည်း။ ရေနှင့်တကွ ရေ၌တည်သော ပစ္စည်းသည် ဂါမဗဒ္ဓတို့နှင့် မစပ်က မြစ်၊ သမုဒြာ၊ ဇာတဿရ တစ်ခုခုသာ ကံပြုဆဲအခါ ဥဒကုက္ခေပသိမ်ဖြစ်၏။ ဤသို့သော အဓိပ္ပာယ်အကျဉ်းကို သိအပ်၏။ ဋီကာတို့၌ တစ်မျိုးဖွင့်၏။ အဋ္ဌကထာသွားနှင့်မညီ၊ ကြပ်ကြပ်ဉာဏ်ကူ၍ ကြည့်ရှုကြလေ။

ထိုဥဒကုက္ခေပအရာမှာ ခင်မကန် ဆရာတော်ကြီးကား ဥဒကုက္ခေပနှင့် ဂါမမှာ လက်တသစ်၊ နှစ်သစ် ခြားစေကာမူ အပ်ကြောင်း သီမာဝိနိစ္ဆယတစ်ခု ပါဠိဘာသာ မြန်မာနိဿယ တစ်စုံရေး၏။

စလင်းဦးကေတု၊ ကျိဝန်တို့က လက်တသစ်၊ နှစ်သစ်ခြားလျှင် အပ်ကြောင်း နှစ်သက်၏။ အဋ္ဌကထာနှင့် ညီ၍ သင့်လှ၏။ ယင်း ဥဒကုက္ခေပ အရာ၌ ရေတကျ သဲတကျ-ဟူရာမှာလည်း ရေတကျ၊ သဲတကျ ပစ်နေဖွယ်မရှိ၊ သိမ်ပမာဏ ပြရုံသာတည်း။ အချို့က ရေ၊ သဲ တစ်ခုခု ပစ်မှအပ်ကြောင်း ဆိုကြသေး၏။ ပါဠိအဋ္ဌကထာ မလာရကား မသင့်လေ။

ဂါမပဝေသနသိက္ခာပုဒ်၌ ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ရွာဝင်လျှင် ခဲတကျထိုက်ရာ အရပ်ကို လွန်က အာပတ်သင့်၏။ ခဲတကျ၊ ချ-မချကို မစောင့်လေ။ (ကျိဝန်မိန့်) ပရိက္ခိတ္တ၊ ပိုင်းခြားထိုက်၏ (သမွန်)။ ရေ၊ သဲ မပစ်ဘဲ အပ်၏။ (ကျိဝန်) သီမဝိသောဓနီ-၌ကား၊ ပစ်မှအပ်သည်ဟုဆို၏။ မသင့်။ (ကျိဝန်)

သို့သော် သိမ်ပမာဏသိအောင် ပစ်မှုကို မတားမြစ်ပေ၊ ပစ်မှုအပ်သည်-ဟူ၍ အထင်မလွဲကြရာ။

## ဥဒကုက္ခေပ၌ ဝိမတိ၊ ဝိနယာလင်္ကာရတို့ မသင့်ကြောင်းပြခန်း

ဝိမတိ၊ ဝိနယာလင်္ကာရတို့၌ ဥဒကုက္ခေပသိမ်မှတပါး နဒီသိမ်၊ သမုဒ္ဒသိမ်၊ ဇာတဿရသိမ် အသီးအခြားရှိကြောင်းကို ဆိုကြသေး၏။ "သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ" စသည်ဖြင့် ယင်း၏ ဗဒ္ဓသိမ်၊ အဗဒ္ဓသိမ်၏ အဖြစ်ကို နီတတ္ထ၊ နေယျတ္ထအားဖြင့် ပယ်ပြီးဖြစ်ရကား အထူးရေးသားဖွယ်မရှိ။ သီမာပေက္ခစိတ်ရှိမှ၊ ဥဒကုက္ခေပ သတ္တဗ္ဘန္တရဖြစ်ကြောင်းကိုလည်း ဆိုကြသေး၏။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကြီးတို့၌ အရိပ်အမြွက်မျှမရှိ။ ငဲ့ကွက်မှုမရှိဘဲ ကံပြုကလည်း ကံမြောက်ရကား မသင့်။

ဤကား ရေသိမ်နှင့် ပတ်သက်၍ သိမ်မျိုးစုံ မဟာဋီကာ-၌ လာသော စကားရပ်များကို မူရင်းအတိုင်း ထည့်သွင်းရေးသား ဖော်ပြခြင်းဖြစ်ပါ၏။ (အမှာစကားချုပ်)

ယခု ပြဆိုခဲ့သော အဋ္ဌကထာ၊ ဋီကာဝိနိစ္ဆယတို့အရ -

၁။ ဂါမမှ ဖြစ်ပေါ်လာသော ဂါမနှင့် ဆက်စပ်သော အရာဝတ္ထုမှန်သမျှ ဂါမဖြစ်၏။

၂။ ဥဒကုက္ခေပမှ ဖြစ်ပေါ်လာသော ဥဒကုက္ခေပနှင့် ဆက်စပ်သော အရာဝတ္ထုမှန်သမျှ ဥဒကုက္ခေပ ဖြစ်၏။

၃။ ဂါမနှင့် ဥဒကုက္ခေပတို့သည် ဝိသဘာဂဖြစ်၍ ဆက်စပ်မှု မပြုကောင်း။

၄။ ဂါမနှင့် အရညတို့သည် ဗဒ္ဓသိမ်၏ မှီရာဖြစ်ကြ၍ နဒီ၊ သမုဒ္ဒ၊ ဇာတဿရကို့ကား ဥဒကုက္ခေပ သိမ်၏ မှီရာဖြစ်ကြ၏။

၅။ ဗဒ္ဓသိမ်မှ ဖြစ်ပေါ်လာသော ဗဒ္ဓသိမ်နှင့် ဆက်စပ်သော အရာဝတ္ထု မှန်သမျှ ဗဒ္ဓသိမ် ဖြစ်ကြ၏။

၆။ ဗဒ္ဓသိမ်နှင့်ဥဒကုက္ခေပသိမ်တို့သည်လည်း ဝိသဘာဂဖြစ်ကြ၍ ဆက်စပ်မှုမပြုကောင်း။

၇။ ဗဒ္ဓသိမ်၌ နိမိတ် (အမှတ်အသား) ရှိသကဲ့သို့ ဥဒကုက္ခေပ-ဟူသော အဗဒ္ဓသိမ်၌လည်း နိမိတ် (အမှတ်အသား) ရှိ၏။ ယင်းကား အစွန်ဆုံး ရပ်ဟန်းနေရာမှ အားအလယ်အလတ်ရှိသော ယောက်ျား၏ ပက်အပ်သော ရေ (သို့မဟုတ်) သဲတို့၏ ကျရာ ရေတကျ (သို့မဟုတ်) သဲတကျအရပ်သည် ဥဒကုက္ခေပသိမ်၏ နိမိတ်တည်း။

သို့သော် ထိုကဲ့သို့ ပက်ကြည့်မှ သိမ်ဖြစ်သည်မဟုတ်၊ ကံဆောင်မည့် သံဃာတော်များ ဟတ္ထပါသ်မလွတ်အောင် ထိုင်မိလျှင် အလိုလိုသိမ်ဖြစ်ပြီး မည်တော့၏ဟုမှတ်။

တစ်ခုတော့ပြောစရာရှိ၏။ ရေသိမ်၏ နိမိတ်ကို ရေရှိသောဘက်၌သာ ထားလို့ဖြစ်၏။ အကယ်၍ ဂါမနှင့် နီးကပ်နေသောဘက်က ပိုင်းခြားစရာ ရေမရှိခဲ့သော် အခြားရှိတဲ့ဘက်လောက်သာ နိမိတ်ကိုမှတ်သားပါ။ ရေသိမ်၏ နိမိတ်ကို ရေထဲမှာသာ ပြုလုပ်၍ရသည်။ ရေမရှိသော ဂါမထဲ၌ ပြုလုပ်၍မရသည်ကို သတိပြု။

၈။ ဗဒ္ဓသိမ်၌ မဟာသိမ်နှင့် ခဏ္ဍသိမ်တို့ ဆက်စပ်မှုမရှိအောင် နှစ်တောင့်တွာ သီမန္တရိက်ကို ခြားထားသကဲ့သို့ နဒီ၊ သမုဒ္ဒ၊

ဇာတဿရတို့၌လည်း သံဃာနှစ်ဖွဲ့၊ သုံးဖွဲ့စသည်ကံဆောင်ရာ၌ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မစပ်မိအောင် သီမန္တရိက်ခြားထားရ၏။ ယင်းသီမန္တရိက်ကား ပထမပက်အပ်သော ရေတကျ သဲတကျမှနေ၍ နောက်ထပ် ပက်အပ်သော ရေတကျ (သို့မဟုတ်) သဲတကျအရပ်ဖြစ်၏။

၉။ နဒီ၊ သမုဒ္ဒ၊ ဇာတဿရအတွင်း၊ သံဃာနှစ်ဖွဲ့စသည် မဟုတ်ဘဲ တစ်ဖွဲ့သာ ကံဆောင်ပါက ထိုကဲ့သို့ နိမိတ်နှင့် သီမန္တရိက်တို့ကို ပိုင်းခြားရန်မလို၊ သို့သော် လှေဖြင့် သွားလာနေသော သံဃာများ ဥဒကုက္ခေပသိမ်ထဲ ကံဆောင်နေစဉ် မဝင်မိအောင်တော့ နိမိတ်ကို ပိုင်းခြားမှတ်သားသင့်၏။

၁၀။ ဇာတဿရ (အလိုလိုဖြစ်သောအိုင်) ဟု ဆိုသောကြောင့် ဝက်တူးသောအိုင်၌ပင် ရေသိမ်မလုပ်ကောင်း။

၁၁။ ဇာတဿရနှင့် နဒီတို့၌ မိုးမှန်မှန်ရွာသောနှစ်ဝယ် မိုးလေးလ ရေမပြတ်ဘူးပါက ဆောင်းအခါ၊ နွေအခါတို့၌ ရေမရှိသော်လည်း ထိုအရပ်တို့၌ ရေသိမ်ပြုလုပ်ကောင်း၏။ အကယ်၍ ထိုနေရာမျိုး၌ ဗဒ္ဓသိမ်ဖွဲ့သော်လည်း မအောင်မြင်၊ မလုပ်ကောင်းဟု မှတ်ပါ။

၁၂။ ရေသိမ်၌ တံတားထိုးလိုပါက ဂါမနှင့် မဆက်စပ်မိအောင် ထိုးဖို့အရေးကြီး၏။ တဘက်၌ တံတားနှင့် သိမ် ထိနေသော်လည်း အခြားဂါမဘက်၌ တံတားတိုင်နှင့် တံတားတို့ ဂါမထဲ မရောက်မိဖို့ အရေးကြီး၏။ ဂါမအပေါ် တံတားကမိုးနေသည့်တိုင်အောင် ဂါနှင့် မထိလျှင် ပြီးတာပါဘဲ။ အကယ်၍ ဂါမနှင့်

တံတားထိနေလျှင် သိမ်မှ ရေတကျအပြင်ဌှသော တံတားကို ထားရမည် သတိပြု။

၁၃။ အကယ်၍ ဆောက်လုပ်သော ရေသိမ်ရဲ့တိုင်တို့က၊ ဖောင်ဖြင့် ကံဆောင်လျှင် ဖောင်ကိုထိန်းထားသော ထိုးဝါးက၊ ရေမရှိသော ဇာတသဿရအိုင်ဆိုလျှင် ခင်းထားသောဖျာ စသည်တို့က၊ ရှေးက ရှိဘူးသော ဗဒ္ဓသိမ်ဟောင်းပေါ်မှာ ကျရောက်နေခဲ့သော် ရေသိမ်မှာ ကံဆောင်တာမဟုတ်တော့ဘဲ ဗဒ္ဓသိမ်ပေါ်မှာသာ ကံဆောင်ရာ ရောက်တော့သည်ကိုလည်း သတိပြုပါ။ အကယ်၍ ဗဒ္ဓသိမ် ဟောင်းပေါ်မှာ ကံဆောင်ရာရောက်လျှင် ဂါမနှင့် တံတား စသည် စပ်မိသော်လည်း အပြစ်မရှိတော့။

# သမ္မတာသီမာဝိနိစ္ဆယနှင့်သံခိတ္တေနပဥ္စုပါဒါနက္ခန္ဓာဒုက္ခာ ဝိနိစ္ဆယ

## လျှောက်ထားလွှာပါဘုရား

ရှိသေစွာလျှောက်ထားပါသည်။ ဟင်္သာတမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ။ မိုးကောင်းဆရာတော် အရှင်မြတ်ဘုရား။

ဟင်္သာတမြို့နယ် ဓမ္မိတိုက်နယ် ဘုရားကြီးကျောင်းဆရာတော် ဦးသေဋ္ဌိလက သမာနသံဝါသက သိမ်သမုတ်ရန် "သီမာသမ္မုတိကမ္မဝါစာ" နိဂုံးတွင် (သာ)မပါဘဲ "သမ္မတာ သီမာ သံဃေန" ဟု ဆဋ္ဌသံဂါယနာ စာမူ၌ ရှိနေသည်ကိုလည်းကောင်း၊ ဆဋ္ဌသံဂါယနာမူ ဓမ္မစကြာပါဠိတော်၌ "ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော မရဏမ္ပိ ဒုက္ခံ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"၌ (ပိ)မပါခြင်းကိုလည်းကောင်း ဝေဖန်တော်မူပြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ (၂၀၀၁-ခုနှစ်၊ ဖေဖော်ဝါရီလ-၂၆ရက်) နေ့စွဲဖြင့် တိုင်ကြားခဲ့ပါသည်။ မိတ္တူကိုလည်း နိုင်ငံ့ခေါင်းဆောင်ကြီးများအထိ ပို့ပေးခဲ့ပါသည်ဘုရား။

ယင်းကိစ္စမှာ ဟင်္သာတမြို့နယ်မှ ဖြစ်ပေါ်လာခြင်းဖြစ်ရာ ဟင်္သာတမြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်အရှင်မြတ်အနေဖြင့် အများ သံသယကင်းအောင် ဆုံးဖြတ်ပေးတော်မူပါမည့် အကြောင်း ရှိသေစွာ ရှိခိုးဦးခိုက် လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်မြတ်ဘုရား။

မောင်အေဝမ်း<br>
ခရိုင်သာသနာရေးအရာရှိ<br>
ဟင်္သာတခရိုင်<br>
ဟင်္သာတမြို့<br>
၁၀-၄-၂၀၀၁

# သမ္မတာ သီမာ ဝိနိစ္ဆယ

သမာနသံဝါသက သိမ်သမုတ်ရာ၌ -

၁။ ဉတ်ပါဠိ

၂။ ကမ္မဝါစာပါဠိ

၃။ နိဂုံးပါဠိ ။ ။ ဟု သုံးမျိုးရှိ၏။

* သုဏာတု မေ ဘန္တေ သံဃော ယာဝတာ သမန္တာ ကိတ္တိတာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နေယျ သမာနသံဝါသံ ဧကူပေါသထံ ဧသာ ဉတ္တိ။ (ဤကား ဉတ်ပါဠိတည်း)

* သုဏာတု မေ ဘန္တေ သံဃော ယာဝတာ သမန္တာ နိမိတ္တာ၊ ကိတ္တိတာ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နတိ သမာနသံဝါသံ ဧကူပေါသထံ၊ ယဿာယသ္မတော ခမတိ ဧတေဟိ နိမိတ္တေဟိ သီမာယ သမ္မုတိ၊ သမာနသံဝါသာယ ဧကူပေါသထာယ။ သော တုဏှဿ ယဿ နက္ခမတိ သော ဘာသေယျ။ (ဤကား ကမ္မဝါစာတည်း)

* သမ္မတာ (သာ) သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာနသံဝါသာ ဧကူပေါသထာ၊ ခမတိ သံဃဿ တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ။ (ဤကားနိဂုံးတည်း)

ဤ၌ ဉတ်တွင် "သမ္မန္နေယျ" ဟု ပရိကပ္ပကတ္တုဝါစက စကားဖြင့်လည်းကောင်း၊ ကမ္မဝါစာတွင် "သမ္မန္နတိ" ဟု ပစ္စုပ္ပန္န ကာလိက ကတ္တုဝါစကားဖြင့်လည်းကောင်း ဟောတော်မူပြီး၊ နိဂုံး၌ကား "သမ္မတာ" ဟု အတီတကာလိက ကမ္မဝါစာဖြင့် ဟောတော်မူခဲ့၏။ (သမ္မတာ-၌ သံ ပုဗ္ဗ မန- ဓာတ်၊ တ-ပစ္စည်း၊ ကမ္မဝါစကတည်း)

သံဃေန၊ သံဃာတော်သည်။ သီမာ၊ သိမ်ကို။ သမ္မတာ၊ သမုတ်အပ်ပြီ-ဟု အနက်ပေး။ သမုတ်အပ်ပြီ-ဟုဆိုသဖြင့် နိဂုံးသို့

မရောက်မီ "သော ဘာသေယျ" ၌ ယျ-ဟူသော ကမ္မဝါစာအဆုံး ကပင် သိမ်သမုတ်ပြီးဖြစ်တော့သည်ကို သတိပြုသင့်၏။

ဤသို့ဆိုလျှင် ကမ္မဝါစာသည် နိဂုံးမှထောက်လျှင် သမီပ အတိတ်ဖြစ်သောကြောင့် ယင်း (သိမ်ဖြစ်ပြီး) သမီပအတိတ်ကို စွဲယူ ဖို့ရန် "သမ္မတာ သာသီမာ" ဟု (သာ) ထည့်လျှင်လည်း ဖြစ်နိုင်သည် သာ။ ဤအတိတ်ကား နီးလွန်း၏ဟု စောဒကတက်ရန်ရှိ၏။ သို့သော် လည်း "ဣဒံ မေ ဘန္တေ နဝံ ဒုဿယုဂံ ဘဂဝန္တံ ဥဒ္ဒိဿ သာမံ ကန္တံ သာမံ ဝါယိတံ၊ တံ မေ ဘန္တေ ဘဂဝါ ပဋိဂ္ဂဏှာတု အနုကမ္ပံ ဥပါဒါယ" (မ၊ ၃၊ ၂၉၆) တွင် မိမိလက်၌ ကိုင်ထားသော သက်န်းကိုပင် တ-ဖြင့် စွဲသည်ကိုမြင်ရသောကြောင့်လည်းကောင်း၊ အဝိပ္ပဝါသသိမ်ကို သမုတ်ရာဝယ် မိမိနင်းထားသော သမာနသံဝါသကသိမ်ကိုပင် "သံယော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မနေယျ" ဟု တ-ဖြင့် စွဲထားသောကြောင့်လည်းကောင်း၊ "သမ္မတာ သာသီမာ" ဟု တ-ဖြင့် စွဲနိုင်သည်သာ ဟုမှတ်ပါ။

ကမ်သည် "အပလောကနကမ်၊ ဉတ္တိကမ်၊ ဉတ္တိဒုတိယကမ်၊ ဉတ္တိစတုတ္ထကမ်" ဟု လေးမျိုးရှိရာတွင် ဉတ္တိဒုတိယကမ်ဟူသည် ကမ္မဝါစာတစ်ကြိမ်နှင့် ဉတ်တစ်ကြိမ်တို့ကို ပေါင်း၍လည်းကောင်း၊ ဉတ္တိစတုတ္ထကမ်မှာလည်း-ကမ္မဝါစာ သုံးကြိမ်နှင့် ဉတ်တစ်ကြိမ်တို့ ကိုပေါင်း၍လည်းကောင်း ခေါ်ခြင်းသာဖြစ်၏။ ၎င်းတို့၌ နိဂုံးမပါ။ နိဂုံးကို တရားမဝင်ဟု ဆိုလိုသည်မဟုတ်၊ ကမ်အောင်မြင်ရေး၌ ဉတ်နှင့် ကမ္မဝါစာတို့ကား ပဓာန၊ နိဂုံးကား အပ္ပဓာနဟု ဆိုလိုရင်း သာဖြစ်၏။

ဘုရားရှင်၏ ပညတ်တော်မူချက်အရ နိဂုံးကို မရွတ်ဖတ်၍ မဖြစ်၊ ရွတ်ဖတ်ရမည်သာဖြစ်၏။ ထိုနိဂုံး၌ (သာ)ကား ဘုရားဟော စဉ်က ပါသည်/မပါသည်ကို မည်သူကမှ တပ်အပ်မပြောနိုင်။

ပညာရှင်ကြီးများစီစဉ်ထားသော ကမ္မဝါစာများ၌ပင် အချို့မူ၌ (သာ) ပါ၍၊ အချို့မူ၌ (သာ) မပါသည်ကိုတွေ့ရ၏။

ထို့ကြောင့် သံဃာဒိသေသ် သံဃဘေဒက သိက္ခာပုဒ်အဖွင့်ကဲ၌ "သော ဘာသေယျာတိ ဧဝံ ယျကာရပတ္တာယ တတိယကမ္မဝါစာယ တဠ္စ ဒုက္ကဋ္ဌံ တေ စ ထုလ္လစ္စယာ ပဋိပဿမ္ဘန္တိ သံဃာဒိသေသောယေဝ တိဋ္ဌတိ" ဟု သမန္တပါသာဒ ကမ်ဆောင်ရာတွင် နိဂုံးကို မရေတွက်ဘဲ တတိယကမ္မဝါစာ အဆုံး၌ ယျ-ဖြင့် သတ်မှတ်၍ ၎င်းယျ-သို့ရောက်သောအခါ သံဃာဒိသေသ်သင့်ကြောင်း အဋ္ဌကထာ ဆရာ ဆုံးဖြတ်တော်မူခဲ့၏။

ထို့ကြောင့် ဉ တ္တိဒုတိယ၊ ဉ တ္တိစတုတ္ထကမ်တို့ဝယ် ဉ တ်အဆုံး၌ "ဧသော ဉ တ္တိ" ဖြင့် (ဤကား ဉာတ်ဖြစ်၏၊ သူ့နောက်မှာကမ္မဝါစာကျန်သေးသည်) ဟု ဆိုသကဲ့သို့ ကမ္မဝါစာအဆုံး၌ကား "ဧသောကမ္မဝါစာ" (ဤကား ကမ္မဝါစာတည်း၊ သူ့နောက်၌ နိဂုံးကျန်သေးသည်) ဟု မဆိုတော့ခြင်းဖြစ်၏။ နိဂုံးသည် ပဓာနမဟုတ်ဟု ဆိုလိုရင်းဖြစ်၏။

ဤသို့ ကမ္မဝါစာ အဆုံးဖြစ်သော ယျ-၌ပင် သိမ်အောင်ပြီးဖြစ်၍ ပဓာနမဟုတ်သော နိဂုံး၌ (သာ) မပါခြင်းကြောင့်လည်း ကမ်မပျက်ဟု မှတ်အပ်၏။ "ဧသော ဉ တ္တီတိ သံယော ဉာပေတဗ္ဗောတိ ဝုတ္တဉာပနာ ဧသော ဣဒဠ္စ အနုဿဝနာနမ္ပိ သဗ္ဗာဝသူစနတ္ထံ ဝုစ္စတိ" ဟု ဝိမတိဝိနောဒနီ - ၌ဆို၏။

ဥပသမ္ပဒကမ္မဝါစာ - ဝယ် "ဥပသမ္ပန္နော သံဃေန နာဂေါ" စသော နိဂုံး၌လည်း ဥပသမ္ပန္နောသည် "ဥပ-သံ-ပုဗ္ဗ၊ ပဒ-ဓာတ်၊ တ-ပစ္စည်း" တည်း။ ကာရိတ် ဏေ-ပစ္စည်း ကျေ၏။

သံဃေန၊ သံဃာတော်သည် နာဂေါ၊ နာဂကို။ ဥပသမ္ပန္နော၊ ပဉ္စင်းအဖြစ်သို့ ရောက်စေအပ်ပြီ။ ဝါ-ပဉ္စင်းဖြစ်စေအပ်ပြီဟု

အနက်ပေး။ တ-ပစ္စည်းသည် ကာရိတလောပ ကမ္မဝါစကတည်း။
ပဥ္စင်းအဖြစ်သို့ ရောက်စေအပ်ပြီ။ ဝါ-ပဥ္စင်းဖြစ်စေအပ်ပြီဟု ဆိုသဖြင့် နိဂုံးသို့ မရောက်မီ "သော ဘာသေယျ" ၌ ယျ- ဟူသော တတိယကမ္မဝါစာ အဆုံးကပင် ရဟန်းအဖြစ်သို့ ရောက်ပြီးဖြစ်တော့၏ဟုမှတ်ပါ။ ဤ၌လည်း "သော နာဂေါ" ဟု တ- သဒ္ဒါ မပါပေ။

## ဝိနိစ္ဆယ

ဤသို့သောသုံးသပ်ချက်တို့ကို ထောက်၍ ဖြစ်နိုင်သော ဆုံးဖြတ်ချက်ကား -

၁။ သိမ်သမုတ်မှုကိစ္စ အောင်မြင်ပြီးမှ နိဂုံးကိုဆိုသည် ဖြစ်သောကြောင့် နိဂုံး၌ (သာ)ပါလျှင်လည်း အပ်၏။

၂။ ကမ္မဝါစာ အဆုံးကပင် သိမ်အောင်မြင်ပြီးဖြစ်၍ နိဂုံး၌(သာ) မပါလျှင်လည်း သိမ်မပျက် ဟူသည်တည်း။

## သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ ဝိနိစ္ဆယ

"ကတမံ စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"။ (ဆဋ္ဌသံဂါယနာမူ ဒုက္ခသစ္စာပါဠိ)

ဤ၌ ဒုက္ခသရုပ်ကား -- ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ အပ္ပိယေဟိ သမ္ပယောဂ၊ ပိယေဟိ ဝိပ္ပယောဂ၊ ဣစ္ဆိတာလာဘ-ဟု ခုနစ်မျိုးရှိ၏။

မီးသည် မီးစာကို၊ လက်နက်သည် မှတ်တိုင်ကို၊ မှက်ခြင်စသည်တို့သည် နွားအပေါင်းကို၊ ရိတ်ဖြတ်သူသည် လယ်ကို၊ ရွာဖျက်ဆီးသူတို့သည် ရွာကို၊ နှိပ်စက် ဖျက်ဆီးကုန်သကဲ့သို့ ဇာတိစသော ခုနစ်မျိုးသော ဒုက္ခတို့သည်လည်း ဥပါဒါနက္ခန္ဓာငါးပါးကို အထူးထူး အပြားပြားဖြင့် ညှင်းဆဲနှိပ်စက်ကုန်လျက် နွယ်မြက်စသည်တို့သည် မြေ၌ပေါက်ရောက်ကုန်သကဲ့သို့ အသီးအပွင့်အညွန့်တို့သည် အပင်၌ ဖြစ်ကုန်သကဲ့သို့၊ ယင်းဇာတိစသော ဒုက္ခတို့သည်လည်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌သာ ဖြစ်ပေါ်လာကြကုန်၏။

ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အစဒုက္ခကား ဇာတိတည်း။<br>
ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အလယ်ဒုက္ခကားဇရာဗျာဓိတည်း။<br>
ဥပါဒါနက္ခန္ဓာငါးပါးတို့၏အဆုံးကား၊ မရဏတည်း။<br>
အလိုပျက်စီးခြင်းဒုက္ခကား လိုတာကိုမရခြင်းတည်း။

ဤသို့ အထူးထူးအပြားပြား တွေးတောဆင်ခြင်ပါမူ ဒုက္ခဆိုတာ တကယ်တော့ ဥပါဒါနက္ခန္ဓာ ငါးပါးကို ပြောတာပါဘဲဟု သိအပ်၏။

ဤသို့ ဒုက္ခတို့ကို ရေတွက်ပြောဆိုနေလျှင် ကုန်နိုင်ဖွယ်မရှိရကား သမုဒ္ဒရာရေတစ်စက်ကို လျှာပေါ် တင်ကြည့်လိုက်ရုံဖြင့် သမုဒ္ဒရာအားလုံး၌ရှိသော ရေတို့၏ ငံသော အရသာကို သိရသကဲ့သို့ ဒုက္ခအားလုံးကိုလည်း ဥပါဒါနက္ခန္ဓာ ငါးပါး၌ အကျဉ်းချုံး၍ ပြခြင်းငှာ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ဟု ဘုရားရှင်ဟောတော်မူခြင်း ဖြစ်၏။

၁။ ဤသို့လျှင် ဇာတိစသည်တို့နှင့်ဥပါဒါနက္ခန္ဓာတို့သည် အကျယ်နှင့် အကျဉ်းမျှသာကွာခြား၍ အရတူရကား ပေါင်းဆည်းဖို့ရန် မလိုသောကြောင့် လည်းကောင်း၊

၂။ ရှေးဆရာကြီးများကိုယ်တိုင် ဒုက္ခသစ္စာကို ---

ဇာတိပ္ပဘုတိကံ ဒုက္ခံ ယံ ဝုတ္တမိဓတာဒိနာ၊
အဝုတ္တံ ယဉ္စ တံ သဗ္ဗံ ဝိနာ ဧတေ န ဝိဇ္ဇတိ။
ယသ္မာ တသ္မာ ဥပါဒါနက္ခန္ဓာ သင်္ခေပတော ဣမေ၊
ဒုက္ခာတိ ဝုတ္တာ ဒုက္ခန္တ ဒေသကေန မဟေသိနာ။ ။ ဟု

ဥပါဒါနက္ခန္ဓာ-ဖြင့်သာ ပိုင်းခြားထား၍ မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်ကို ပေါင်းဆည်းရန် မလိုသောကြောင့် လည်းကောင်း၊

၃။ သာရတ္ထစသော ဋီကာကျမ်းများ၌ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ဟူသော ပါဠိကိုသာ တွေ့ရသောကြောင့် လည်းကောင်း၊ ဆဋ္ဌသံဂါယနာမူ၌လာသော "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"ဟူသော ပါဠိကိုသာ သင့်မြတ်၏ဟု မှတ်အပ်သတည်း။

သာသနာစိတ်ဖြင့် ဝေဖန်တော်မူသော ဟင်္သာတမြို့နယ် ဓမ္မိတိုက်နယ် ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလ မဟာထေရ်မြတ်ကြီးသည် ဤဝိနိစ္ဆယကို ကျေနပ်တော်မူလျက် အသက်ရာကျော် ရှည်တော်မူပါစေဟု ဆုတောင်းဦးညွှတ်လျက် --

သုဓမ္မစာရတ္ထေရေန၊
မိုးကောင်းဝိဟာရ ဝါသိနာ။
ဟင်္သာတ နာမကေ ဌာနေ၊
နိစ္ဆယော ယံ သုနိစ္ဆိတော။

ဘဒ္ဒန္တသုဓမ္မာစာရ
(အဂ္ဂမဟာပဏ္ဍိတ)
မိုးကောင်းတိုက်
ဟင်္သာတမြို့

## ဓမ္မဒါန ကောင်းမှုရှင်



# ရွှေကျားပျံ

မရွှေဝါဆေးပေါ့လိပ်မိသားစု

တောင်ကြီးမြို့။